

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ မတ်လ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ မတ်လ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | – | စာအုပ်အမှတ်စဉ် ( ၂၂/၂၀၂၄ ) |
| ထုတ်ဝေသည့်ခုနှစ် | – | ၂၀၂၄ ခုနှစ်၊ ဧပြီလ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| အုပ်ရေ | – | ၁၀၀၀ အုပ် |
| ပုံနှိပ် | – | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
( ၂၀၂၄ ခုနှစ်၊ မတ်လ )

# မာတိကာ


| | | |
|---|---|---|
| – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ် | ၅ |
| – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် | ၆ |
| **မိန့်ခွန်းများ** | | |
| ၁။ | ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားသည့် အမှာစကား | ၇ |
| ၂။ | အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း | ၁၀ |
| ၃။ | ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄) တွင် ပြောကြားသည့် အမှာစကား | ၁၄ |
| ၄။ | အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၄) အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား | ၁၈ |
| ၅။ | ကမ္ဘာ့ရေနေ့ ၂၀၂၄ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား | ၂၃ |
| ၆။ | ရုရှားဖက်ဒရေးရှင်းနိုင်ငံ ITAR-TASS Media နှင့် တွေ့ဆုံမှု | ၂၇ |
| ၇။ | ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၄)တွင် ပြောကြားသည့် အမှာစကား | ၃၅ |
| ၈။ | (၇၉) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း | ၃၈ |
| ၉။ | (၇၉) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ကြသည့် အငြိမ်းစား တပ်မတော် အရာရှိကြီးများအား ပြောကြားသည့် ဂါရဝပြုစကား | ၄၆ |
| ၁၀။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၂/၂၀၂၄)တွင် ပြောကြားသည့် အမှာစကား | ၄၈ |

## သဝဏ်လွှာများ


၁။ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၅၃

၂။ နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၅၇


■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားသည့် အမှာစကား

( ၇ - ၃ - ၂၀၂၄ )






ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို မတ်လ (၇) ရက်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့သည့် ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့် အသား၊ နို့ထွက်ပစ္စည်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် မိမိအနေဖြင့် ဝါထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါများစိုက်ပျိုးထွက်ရှိသော်လည်း ဝါဂွမ်းကို စနစ်တကျဖြင့် ထုတ်လုပ်နိုင်ခြင်းမရှိသေးကြောင်း၊ လက်ရှိဝါစိုက်ဧကေ ငါးသိန်း၌ တစ်ဧကလျှင် ပိဿာချိန် ၇၀၀ ခန့်ထွက်ရှိမည်ဆိုပါက လူဦးရေ သန်း ၅၀ တွင် တစ်ဦးလျှင် ချည်ပိတ်ကိုက် ၃၀ ခန့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ လက်ရှိထွက်ရှိနေသည့် ဝါကုန်ကြမ်းများကို ချည်ချောများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်သဖြင့် အဆိုပါအကြောင်းအရာနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားစေလိုကြောင်း။

ဝါဗိုင်းငင်သည့်စက်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အဆင့်မီစွာဖြင့် ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ဝါစိုက်ပျိုးမှုများမှ ထွက်ရှိသည့်ဝါများကို ဗိုင်းငင်ခြင်းအားဖြင့် ဝါဂွမ်း၊ လင်တာဂွမ်း(အမျှင်တို)နှင့် ဝါစေ့များ ထွက်ရှိလာမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ဝါစေ့များကို ဆီကြိတ်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့်ဆီစက်လုပ်ငန်းများလည်းပေါ်လာပြီးအလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်သည့်အပြင် ဝါစေ့ကြိတ်

ဖတ်များအား တိရစ္ဆာန်အစာများအဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ဝါဂွမ်းများမှတစ်ဆင့် ချည်ထည်ပစ္စည်းများကိုထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် ရက်ကန်းစက်များ လည်ပတ်နိုင်ခြင်း၊ ရရှိလာသည့် အထည်အလိပ်များကို အထည်ချုပ်လုပ်ငန်းများ လုပ်ကိုင်ခြင်း စသည့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး ချည်မျှင်နှင့် အထည်အလိပ်နှင့်ပတ်သက်၍ ပြည်ပမှ တင်သွင်းနေရမှုများကို လျှော့ချနိုင်ခြင်းကြောင့် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

လက်ရှိဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများမှ တစ်ဆင့် တိုင်းပြည်စီးပွားရေးကို ကောင်းမွန်တိုးတက်အောင် အထောက်အကူ ပြုနိုင်ရမည်ဖြစ်ကြောင်း၊ ဝါအထွက်နှုန်းများ တိုးတက်စေရေး လိုအပ်သည့် စိုက်နည်းစနစ်များ၊ သွင်းအားစုများနှင့် အောင်ရေများရရှိရေးအတွက် ရေရှည်ကိုကြည့်၍ စီမံတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊

ဝါဗိုင်းငင်သည့်စက်နှင့်ပတ်သက်၍
မိမိတို့နိုင်ငံတွင် အဆင့်မီစွာဖြင့် ဆောင်ရွက်
နိုင်ရန်လိုအပ်ကြောင်း၊ ဝါစိုက်ပျိုးမှုများမှ
ထွက်ရှိသည့်ဝါများကို ဗိုင်းငင်ခြင်းအားဖြင့်
ဝါဂွမ်း၊ လင်တာဂွမ်း(အမျှင်တို)နှင့် ဝါစေ့များ
ထွက်ရှိလာမည်ဖြစ်၊
ထိုသို့ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်
အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်
ဖြစ်ကြောင်း၊ ဝါစေ့များကို ဆီကြိတ်သည့်
လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့်
ဆီစက်လုပ်ငန်းများလည်းပတ်လာပြီး
အလုပ်အကိုင် အခွင့်အလမ်းများ
ရရှိမည်ဖြစ်သည့်အပြင်
ဝါစေ့ကြိတ်ဖတ်များအား တိရစ္ဆာန်အစာများ
အဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်။

စိုက်ပျိုးထွက်ရှိသည့် ဝါများကို သိုလှောင်၍ လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် အလုပ်လက်မဲ့ရာခိုင်နှုန်းကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဓိကအားဖြင့် ဝါအထွက်နှုန်းများ တိုးတက်စေရေး ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်သဖြင့် ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်သွားရန်လိုကြောင်း။

ထွက်ရှိလာသည့်ဝါများအား ကုန်ချောချည်နှင့်ပိတ်များ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဝတ်ရေးနှင့်ပတ်သက်၍ ဖူလုံသင့်သလောက် ဖူလုံမှု မရှိသဖြင့် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ အဆင့်မီသည့် ချည်ထည်များကို ထုတ်လုပ်နိုင်ခြင်းဖြင့် မိမိတို့နိုင်ငံအတွင်း အထည်ချုပ်လုပ်ငန်းများ တိုးတက်လာပြီး နိုင်ငံအတွက် လိုအပ်သည့် အဝတ်အထည်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါအထွက်နှုန်းများ တိုးတက်စေရေးနှင့် ဝါကုန်ကြမ်းများမှ အဆင့်မီသည့် ချည်ထည်များထုတ်လုပ်နိုင်ရေး လိုအပ်သည်များကို ဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဗိုလ်ချုပ်ကြီး ညီညွှန့်ဖေ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဝါစိုက်ပျိုးမှုကနှင့် ထွက်ရှိမှု၊ ပြည်တွင်းမှထွက်ရှိသည့် ဝါကုန်ကြမ်းအပေါ် မူတည်၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မှု၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိက ဝါကြိတ်စက်ရုံများမှ ကြိတ်ခွဲထုတ်လုပ်နိုင်မှု၊ ဝါကြိတ်စက်များလိုအပ်မှုနှင့် ဝါကြိတ်ခွဲပုံအဆင့်ဆင့် လုပ်ငန်းဆောင်ရွက်မှု၊ ပြည်ပနိုင်ငံများမှ အသုံးပြုလျက်ရှိသည့် ဝါကြိတ်စက်များ၏ အလုပ်လုပ်ပုံအဆင့်ဆင့်နှင့် ချည်ချောများ ထုတ်လုပ်မှုအဆင့်ဆင့်၊ ပြည်ပမှ ချည်ထုတ်လုပ်မှုအတွက် လိုအပ်သည့် ကုန်ကြမ်းများ ဝယ်ယူတင်သွင်းရမှုနှင့် ပြည်တွင်းမှထွက်ရှိသည့် ဝါဂွမ်းများကို ပြည်ပသို့နှစ်စဉ်တင်ပို့နေမှု၊ ပြည်တွင်းမှ ထွက်ရှိသည့် ဝါအမျိုးအစားအလိုက် ချည်မျှင်စက်ရုံများမှ

**ဝါအထွက်နှုန်းများ တိုးတက်စေရေး လိုအပ်သည့် စိုက်နည်းစနစ်များ၊ သွင်းအားစုများနှင့် အောင်ရေများရရှိရေးအတွက် ရေရှည်ကိုကြည့်၍ စီမံတွက်ချက်ဆောင်ရွက်ရန်လို၊ စိုက်ပျိုးထွက်ရှိသည့် ဝါများကို သိုလှောင်၍ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အလုပ်အကိုင် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်သဖြင့် အလုပ်လက်မဲ့ရာခိုင်နှုန်းကို လျှော့ချပေးနိုင်မည်ဖြစ်။**

ချည်များရက်လုပ်နိုင်မှု၊ ပြည်တွင်း၌ နိုင်ငံတော်ပိုင် ဘိလပ်မြေစက်ရုံများနှင့် ပုဂ္ဂလိကပိုင် ဘိလပ်မြေစက်ရုံများမှ လုပ်ငန်းဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်လုပ်မှုများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး**

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဝါကြိတ်စက်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် ဝါဂွမ်းများကို ပြည်တွင်းဈေးကွက်တွင် ရောင်းချနိုင်ရေးနှင့် ချည်ကုန်ချောများ၊ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစွာအရည်အသွေးကောင်းသော (A) အဆင့်ရှိ ဝါများ ပြောင်းလဲစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ ထိုမှတစ်ဆင့် ထွက်ရှိလာသည့် ဝါကုန်ကြမ်းများကို ချည်မျှင်ထုတ်လုပ်နိုင်ရေးနှင့် ပိတ်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေး စက်ကိရိယာများလိုအပ်ကြောင်း၊ ချည်ချောများ ထုတ်လုပ်နိုင်ရေး၊ ပိတ်အဖြစ်ပြောင်းလဲနိုင်ရေး ဆောင်ရွက်ရာတွင် လုပ်ငန်းများအလိုက် ဦးတည်ချက်များချမှတ်၍ တစ်ဆင့်ချင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

■ ■ ■

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

( ၈ - ၃ - ၂၀၂၄ )



အားလုံးမင်္ဂလာပါ

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့မတ်လ (၈) ရက်နေ့ဟာ ကမ္ဘာတစ်ဝန်းလုံးက အမျိုးသမီးများအတွက် အထင်ကရနေ့တစ်နေ့ဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ပဲဖြစ်ပါတယ်။ နှစ်စဉ်ဒီနေ့ရောက်တိုင်း အမျိုးသမီးတွေရဲ့ အခွင့်အရေးနဲ့ စွမ်းဆောင်နိုင်မှုတွေကို ပိုမိုအာရုံစိုက်မိလာစေဖို့နဲ့ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်ထားအကောင်အထည်ဖော်လာစေဖို့ ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွေကို ကမ္ဘာနဲ့အဝန်း ကျင်းပကြမြဲဖြစ်ပါတယ်။

ယခုနှစ် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဆောင်ပုဒ်ကတော့ **“အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင်မြှုပ်နှံပေး” (Invest in Women: Accelerate Progress)** ဖြစ်ပါတယ်။ ဒီဆောင်ပုဒ်ရဲ့ ရည်ရွယ်ချက်အရ ကျား၊ မတန်းတူညီမျှမှု ရရှိစေဖို့အတွက် အမျိုးသမီးနဲ့ မိန်းကလေးငယ်များရဲ့ ပညာရေး၊ ကျန်းမာရေး လက်လှမ်းမီရရှိပြီး စီးပွားရေးမှာ ပိုမိုပါဝင်လာစေမယ့် နည်းလမ်းတွေကို စူးစမ်းလေ့လာကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိုင်ငံတကာမှာ ကဏ္ဍအသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဆောင်ရွက်နိုင်ခဲ့ကြပေမယ့် အထူးသဖြင့် အမျိုးသမီးများ စီးပွားရေးကဏ္ဍမှာ တန်းတူပါဝင်ခွင့်ရရှိဖို့အတွက် အခက်အခဲများစွာကို သိသိသာသာ ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်တာကို ကမ္ဘာ့နိုင်ငံအားလုံး သတိပြုမိစေဖို့ ဆောင်ပုဒ်နဲ့ အသိပေးနှိုးဆော်ခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အမျိုးသမီးများနဲ့ မိန်းကလေးငယ်များအတွက် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ဆိုင်ရာ အခွင့်အလမ်းများ၊ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများနဲ့ စာတတ်မြောက်မှုတို့မှာ တန်းတူညီမျှလက်လှမ်းမီမှုရရှိမယ်ဆိုရင် ကျား၊ မ တန်းတူညီမျှမှုကို ရရှိနိုင်ကြောင်း ဒီဆောင်ပုဒ်က မီးမောင်းထိုးပြခြင်းပဲ ဖြစ်ပါတယ်။

အမျိုးသမီးများနဲ့ မိန်းကလေးငယ်များ စွမ်းဆောင်ရည်မြင့်မားစေဖို့၊ သူတို့ရဲ့လေ့လာနိုင်စွမ်း၊ ဝင်ငွေရှာဖွေနိုင်စွမ်းနဲ့ ဦးဆောင်နိုင်စွမ်းတွေကို ခိုင်မာအားကောင်းလာစေဖို့ အမျိုးသမီးများရဲ့ အခက်အခဲများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဟာ အနာဂတ်အတွက် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုလို့ ဆိုရမှာပဲဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ်ကတည်းက ကိုဗစ်-၁၉ ကပ်ရောဂါ၊ ပထဝီဝင်နိုင်ငံရေးဆိုင်ရာ ပဋိပက္ခ၊ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်တွေနဲ့ စီးပွားရေးဆိုင်ရာ မတည်ငြိမ်မှုများဟာ ကမ္ဘာ့လူဦးရေ ၇၅ သန်းကျော်ကို ဆင်းရဲမွဲတေမှုဆီသို့ တွန်းပို့ခဲ့ပါတယ်။ ဒီအခြေအနေတွေကို လိုအပ်တဲ့ တုံ့ပြန်ချက်တွေ မဆောင်ရွက်နိုင်ဘူးဆိုရင် ကမ္ဘာပေါ်မှာ ရှိတဲ့ အမျိုးသမီးနဲ့မိန်းကလေးငယ် ၃၄၂ သန်းကျော်ဟာ ၂၀၃၀ ပြည့်နှစ်မှာ ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်ကို ရောက်ရှိဖို့ ဦးတည်နေပြီလို့ သိရှိရပါတယ်။

ယနေ့မြန်မာအမျိုးသမီးများဟာ မိသားစုအတွင်း၊ ရပ်ရွာလူမှုအဖွဲ့အစည်းအတွင်းသာမက နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနဲ့ လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များမှာပါ အမျိုးသားများနဲ့ တန်းတူ အကျိုးပြုနိုင်သူတွေ ဖြစ်ကြပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမျိုးသမီးများရဲ့ အင်အားကိုပါ ရယူပြီး လိုအပ်တဲ့ကဏ္ဍတွေမှာ ပါဝင်ခွင့်ပေးရမှာဖြစ်ပါတယ်။

အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်မြင့်မားစေဖို့အတွက် စာတတ်မြောက်မှုဟာ အခြေခံကျတဲ့ လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ စစ်တမ်းများရဲ့ဖော်ပြချက်အရ ကမ္ဘာနဲ့အဝန်း အမျိုးသမီးစာတတ်မြောက်မှုနှုန်းဟာ ၂၀၀၀ ပြည့်နှစ်မှာ ၇၃ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှာ ၈၂ ဒသမ၇ ရာခိုင်နှုန်း တိုးမြင့်လာတာကို တွေ့ရပါတယ်။ အာဆီယံဒေသတွင်းမှာ အမျိုးသမီးစာတတ်မြောက်မှုနှုန်းဟာ ၂၀၀၀ ပြည့်နှစ်မှာ ၈၉ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၃ ခုနှစ်မှာ ၉၅ ဒသမ ၁ ရာခိုင်နှုန်းထိ တိုးမြင့်လာပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း အမျိုးသမီး စာတတ်မြောက်မှုနှုန်းဟာ ၂၀၀၀ ပြည့်နှစ်မှာ ၇၃ ရာခိုင်နှုန်းရှိရာက ၂၀၂၃ ခုနှစ်မှာ ၈၅ ရာခိုင်နှုန်း အထိ တိုးမြင့်လာနေပြီဖြစ်ပါတယ်။

မြို့ပြမှာသာမက ကျေးလက်ဒေသမှာနေထိုင်တဲ့ အမျိုးသမီးများအတွက် ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံပေးခြင်း၊ အတန်းပညာ မသင်ယူနိုင်တဲ့ အမျိုးသမီးငယ်ရွယ်သူများအတွက် ၎င်းတို့ရဲ့ဘဝ ကောင်းမွန်စွာရပ်တည်နိုင်ဖို့ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူနိုင်ရေး ပံ့ပိုးပေးကြဖို့ လိုအပ်ပါတယ်။ ဒါမှသာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို မှီခိုမှု ကင်းစွာ ဆောင်ရွက်လာနိုင်ပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းကစလို့ အမျိုးသမီးများရဲ့ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်း ကျား၊ မ အခြေပြု အလုပ်အကိုင်ရရှိမှု

> **အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်**
> **မြင့်မားစေဖို့အတွက် စာတတ်မြောက်မှုဟာ**
> **အခြေခံကျတဲ့ လိုအပ်ချက်**
> **တစ်ခုဖြစ်၊ စစ်တမ်းများရဲ့**
> **ဖော်ပြချက်အရ ကမ္ဘာနဲ့အဝန်း**
> **အမျိုးသမီးစာတတ်မြောက်မှုနှုန်းဟာ**
> **၂၀၀၀ ပြည့်နှစ်မှာ ၇၃ ဒသမ ၉ ရာခိုင်နှုန်း**
> **ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှာ ၈၂ ဒသမ**
> **၇ ရာခိုင်နှုန်းတိုးမြင့်လာတာကိုတွေ့ရ။**

စစ်တမ်း(၂၀၂၃)အရ ၂၀၂၀ ပြည့်နှစ်မှာ အလုပ်ရရှိသူ အမျိုးသားများမှာ ၆၆ ဒသမ ၅၇ ရာခိုင်နှုန်းနဲ့ အမျိုးသမီးများမှာ ၄၃ ဒသမ ၀၂ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၃ ခုနှစ်မှာ အလုပ်ရရှိသူအမျိုးသားများမှာ ၆၇ ဒသမ ၈၆ ရာခိုင်နှုန်းနဲ့ အမျိုးသမီးများမှာ ၄၃ ဒသမ ၈၂ ရာခိုင်နှုန်းဖြစ်တဲ့အတွက် အမျိုးသားနဲ့အမျိုးသမီးအကြား အလုပ်အကိုင်ရရှိမှု အခြေအနေဟာ ကွာဟနေဆဲဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အနေနဲ့ အမျိုးသမီးများ အများစုပါဝင် လုပ်ဆောင်နိုင်မယ့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်တဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) ဖွံ့ဖြိုးတိုးတက်ရေးမှာ ကဏ္ဍအလိုက်လိုအပ်တဲ့ ကျွမ်းကျင်မှုများ ရရှိစေဖို့ အစီအစဉ်များဆောင်ရွက်ပေးနေပါတယ်။ အမျိုးသမီးများလုပ်ငန်းခွင်မှာ နောက်ဆံမတင်းဘဲ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် အမျိုးသမီးဦးရေ ၁၀၀ နဲ့ အထက်ရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေမှာ ကလေးထိန်းဌာနများထားရှိဖို့ လူမှုဖူလုံရေးဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

ယနေ့ခေတ်မှာ နည်းပညာဖွံ့ဖြိုးတိုးတက်နေတာနဲ့အမျှ အလုပ်အကိုင်ရရှိမှုနဲ့ စီးပွားရေးလုပ်ငန်းများမှာ နည်းပညာဟာ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်လာတာကြောင့် အမျိုးသမီးများဟာ ခေတ်နဲ့လျော်ညီစွာ နည်းပညာတွေကို လက်လှမ်းမီ သုံးစွဲတတ်ဖို့လိုပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ အမျိုးသမီး ၂၇ ရာခိုင်နှုန်းဟာ နည်းပညာနဲ့ သက်ဆိုင်တဲ့လုပ်ငန်းများမှာ အလုပ်အကိုင်ရရှိပြီး ၂၀ ရာခိုင်နှုန်းဟာ နည်းပညာကဏ္ဍရဲ့ဦးဆောင်သူနေရာမှာ တာဝန်ယူလျက်ရှိနေကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာတော့ နည်းပညာနဲ့ သက်ဆိုင်တဲ့ အလုပ်အကိုင်တွေမှာ အမျိုးသမီးပါဝင်မှုကို ကောက်ယူထားတဲ့ အချက်အလက်မရှိပေမဲ့ နည်းပညာတက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်တွေမှာ တက်ရောက်နေကြတဲ့ အမျိုးသမီး ၄၈ ရာခိုင်နှုန်းရှိပါတယ်။ အမျိုးသမီးများအတွက် အင်ဂျင်နီယာ၊ နည်းပညာ၊ ကွန်ပျူတာဘာသာရပ်များနဲ့ ဆက်စပ်တဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ကျား၊ မ ခွဲခြားခြင်းမရှိဘဲ တန်းတူအခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အမျိုးသမီးများအနေနဲ့ နည်းပညာကို လက်လှမ်းမီ သုံးစွဲနိုင်ဖို့ Digital Literacy သင်တန်းများ ပံ့ပိုးပေးရမှာ ဖြစ်ပါတယ်။ လက်ရှိမှာလည်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနက လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ဖွံ့ဖြိုးမှုသင်တန်းများနဲ့ နည်းပညာမြင့်တင်ရေးသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး သင်တန်းသားများ ခေါ်ယူရာမှာ သတ်မှတ်အရည်အချင်းများနဲ့ ကိုက်ညီပါက ကျား၊ မ ခွဲခြားမှုမရှိဘဲ တန်းတူညီမျှစွာ အခွင့်အရေးပေးထားတဲ့အတွက် အမျိုးသမီးများပါဝင်နိုင်အောင် ဆောင်ရွက်ပေးကြဖို့ မှာကြားလိုပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်မြင့်မားလာစေရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ဒုတိယသက်တမ်း(၂၀၂၃-၂၀၃၂)ကို ရေးဆွဲလျက်ရှိပြီး အတည်ပြုပြီးတဲ့အခါ အကောင်အထည်ဖော်ရာမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

၂၀၁၄ ခုနှစ် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အခြေခံပြီး ထုတ်ပြန်လိုက်တဲ့ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ စာရင်းအရ မြန်မာနိုင်ငံရဲ့ လူဦးရေ ၅၆ ဒသမ ၂ သန်းမှာ အမျိုးသား ၂၆ ဒသမ ၈ သန်းနဲ့ အမျိုးသမီး ၂၉ ဒသမ ၄ သန်း ရှိတဲ့အတွက် ၅၂ ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများဖြစ်ကြ

> **မြို့ပြမှာသာမက ကျေးလက်ဒေသမှာနေထိုင်တဲ့ အမျိုးသမီးများအတွက် ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံပေးခြင်း၊ အတန်းပညာ မသင်ယူနိုင်တဲ့ အမျိုးသမီးငယ်ရွယ်သူများအတွက် ၎င်းတို့ရဲ့ဘဝကောင်းမွန်စွာ ရပ်တည်နိုင်ဖို့ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူနိုင်ရေး ပံ့ပိုးပေးကြဖို့လိုအပ်။**

ပါတယ်။ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာအရပဲ ပြောရရင် ၂၅ နှစ် အထက် ပညာတတ်မြောက်မှုမှာ အလယ်တန်းအဆင့်ထိ ပြည်ထောင်စု ၇၂ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှာ အမျိုးသမီး က ၇၃ ဒသမ ၆ ရာခိုင်နှုန်း၊ အမျိုးသား ၇၂ ဒသမ ၄ ရာခိုင်နှုန်းရှိပါတယ်။ လုပ်သားအင်အားပါဝင်မှုမှာ ပြည်ထောင်စုက ၆၃ ဒသမ ၂ ရာခိုင်နှုန်းရှိရာမှာ ကျား ၇၅ ဒသမ ၇ ရာခိုင်နှုန်း၊ မ ၅၂ ဒသမ ၇ ရာခိုင်နှုန်း၊ အလုပ်လက်မဲ့ ပြည်ထောင်စု ၂ ဒသမ ၇ ရာခိုင်နှုန်းရှိရာမှာ ကျား ၂ ဒသမ ၁ ရာခိုင်နှုန်း၊ မ ၃ ဒသမ ၄ ရာခိုင်နှုန်း၊ လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုး ၆၁ ဒသမ ၅ ရာခိုင်နှုန်း၊ ကျား ၇၄ ဒသမ ၁ ရာခိုင်နှုန်း၊ မ ၅၀ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးရှိကြတာ တွေ့ရပါတယ်။ အသေးစိတ် ပြောမယ်ဆိုရင် များစွာရှိပါတယ်။ ဒီအချက်အလက်တွေ ကိုကြည့်ရင် အမျိုးသမီးများရဲ့ အခန်းကဏ္ဍများစွာ မြှင့်တင် ပေးဖို့လိုနေတယ်ဆိုတာ မီးမောင်းထိုးပြနေခြင်းပဲဖြစ်ပါ တယ်။ အမျိုးသမီးများရဲ့ စွမ်းပကားကို အခြေပြုပြီး နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနဲ့ လူမှု အသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန် အဟုန်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာ များမှာ စွမ်းစွမ်းတမံ ပါဝင်ခွင့်ရရှိစေဖို့ ကျွန်တော်တို့ ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာလူဦးရေရဲ့ ထက်ဝက်ကျော် အင်အားရှိတဲ့ အမျိုးသမီးများရဲ့စွမ်းရည်ကို အသုံးချနိုင် ဖို့နဲ့ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ဖို့ **"အရှိန် အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှပ်နှံပေး"** ဆိုတဲ့ ယခုနှစ်ဆောင်ပုဒ်နဲ့အညီ အမျိုးသမီးများ ဘက်စုံ၊ ကဏ္ဍစုံမှာ စွမ်းရည်ပြည့်ဝစေဖို့ နိုင်ငံတော်အစိုးရနဲ့အတူ ပုဂ္ဂလိက၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ် ဘက်အဖွဲ့အစည်းများနဲ့ ပြည်သူများအားလုံး တက်ညီ လက်ညီပူးပေါင်းကာ အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုး တိုးတက်ဖို့အတွက် ဆတက်ထမ်းပိုးတိုးပြီး ရင်းနှီးမြှုပ်နှံ ပေးကြပါရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါ တယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

■ ■ ■

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄) တွင် ပြောကြားသည့် အမှာစကား

( ၂၁ - ၃ - ၂၀၂၄ )





ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄)ကို မတ်လ (၂၁) ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ရငွေများကို လျာထားသည့်အတိုင်း ရရှိရေးနှင့် သုံးငွေများကိုလည်း လျာထားသည့်အတိုင်း သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်**

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးများကိုအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်အစမှအဆုံးအထိ ရငွေများကို လျာထားသည့်အတိုင်း ရရှိရေးနှင့် သုံးငွေများကိုလည်း လျာထားသည့်အတိုင်း သုံးစွဲနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသားရေး ရည်မှန်းချက် (၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ရည်မှန်းချက်များ အောင်မြင်စေရန် နိုင်ငံတော်က စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထူးဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် တိုင်းဒေသကြီး ပြည်နယ်များ၏ ဘဏ္ဍာငွေအရ အသုံး

ဆိုင်ရာ ဥပဒေများသည် နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များ၊ အမျိုးသားရေး ရည်မှန်းချက်တာဝန်များကို အောင်မြင်စေရေးအတွက် ဘဏ္ဍာရေးမူဝါဒအဖြစ် ပြဋ္ဌာန်းပေးသော ဥပဒေများဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေး အသုံးစရိတ်များကို စနစ်တကျ စီမံခန့်ခွဲ ထိန်းချုပ်နိုင်ခဲ့ပြီး ကိုဗစ်-၁၉ ကြောင့် ကျဆင်းခဲ့ရသည့် နိုင်ငံ့စီးပွားရေးကို ပြန်လည်တိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဘဏ္ဍာငွေအရအသုံးများနှင့်စပ်လျဉ်းပြီးပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ယခင်ဘဏ္ဍာရေးနှစ် အတွေ့အကြုံများအပေါ် အခြေခံပြီး တွေ့ကြုံရမည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားပြီး ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေး၊ ကျန်းမာရေးကဏ္ဍ အသုံးစရိတ်များ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အသုံးစရိတ်များ၊ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်စေရန် အသုံးစရိတ်များ၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများအတွက် အသုံးစရိတ်များ စသည့် ပိုမိုလိုအပ်သော ကဏ္ဍများအတွက် ဦးစားပေးလျာထားသုံးစွဲသွားမည်ဖြစ်ကြောင်း၊ အစိုးရများ၏ အုပ်ချုပ်မှုဆိုင်ရာအသုံးစရိတ်များကို စိစစ်သုံးစွဲပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုမည့် အသုံးစရိတ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူပြုသည့် အသုံးစရိတ်များကို ဦးစားပေး သုံးစွဲကြရန်လိုအပ်ကြောင်း။

**အချိန်မီ ပေးပို့တင်ပြနိုင်ရေး**

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စု အစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်မီပေးပို့တင်ပြနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ယနေ့အစည်းအဝေးတွင် စိစစ်တင်ပြပြီးဖြစ်သည့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို တင်ပြရာတွင် သက်ဆိုင်ရာဘတ်ဂျက်စိစစ်သည့် အဖွဲ့အစည်း၊ ကော်မတီများမှ အဆင့်ဆင့် စိစစ်ဆောင်ရွက်ခဲ့ကြောင်း၊ အသုံးစရိတ်အပိုင်းတွင်လည်း နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အလုံအလောက် ဖြန့်ဖြူးပေးနိုင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးတို့အတွက် လက်ငင်းအကျိုးရှိပြီး ဘက်စုံအကျိုးသက်ရောက်စေမည့် အသုံးစရိတ်များကို အဓိကထား ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ကြောင်း။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ယခင်ဘဏ္ဍာရေးနှစ်များနည်းတူ ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများသာမက နေရပ်စွန့်ခွာပြည်သူများအတွက် စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေး အရေးပေါ်ရန်ပုံငွေ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေတို့ကို လျာထားခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၄-၂၀၂၅ ပြည်ထောင်စု၏ အရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၂၄-၂၀၂၅ ပြည်ထောင်စု၏ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်

ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အသီးသီးတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အခြေကျပြီးဖြစ်သည့် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး ဒေသအလိုက်ထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုကိုတိုးမြှင့်၍ ဒေသခံများ၏ အလုပ်အကိုင် အခွင့်အလမ်းများတိုးတက်ရရှိလာရေးဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ ထို့အပြင် စီးပွားရေးစီမံကိန်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုပြီး ရည်မှန်းချက်အတိုင်းပြည့်မီအောင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရာတွင် MSME လုပ်ငန်းများကို အခြေခံ၍ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးကာ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်သည်အထိထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် Mass production များဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးကိုသာမက သား၊ ငါးမွေးမြူရေးကဏ္ဍများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းတွင် အဓိက သား၊ ငါးများဖြစ်ကြသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးများကို မွေးမြူဖြစ်ထွန်းကြောင်း၊ အလားတူ အသီးအရွက်နှင့် စက်မှုကုန်ကြမ်းသီးနှံများကိုလည်း စိုက်ပျိုးနိုင်ကြောင်း၊ အဆိုပါ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း။

> ကုန်ထုတ်လုပ်ငန်းများကို
> ဆောင်ရွက်ရာတွင် Mass production များ
> ဖြစ်အောင် ဆောင်ရွက်ရန်လို၊
> စိုက်ပျိုးရေးကိုသာမက သား၊ ငါးမွေးမြူရေး
> ကဏ္ဍများကိုလည်း ဆောင်ရွက်ရမည်ဖြစ်၊
> တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းတွင်
> အဓိက သား၊ ငါးများဖြစ်ကြသည့်
> ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးများကို
> မွေးမြူဖြစ်ထွန်း၊ အလားတူ အသီးအရွက်နှင့်
> စက်မှုကုန်ကြမ်းသီးနှံများကိုလည်း
> စိုက်ပျိုးနိုင်၊ အဆိုပါ စိုက်ပျိုးမွေးမြူရေး
> လုပ်ငန်းများကို အောင်မြင်အောင်
> ဆောင်ရွက်နိုင်မည်ဆိုပါက
> ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်။

**ကြိုးပမ်းဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးဌာနများ အနေဖြင့်လည်း နိုင်ငံတော်ဘဏ္ဍာငွေများကို သုံးစွဲရာတွင် အကျိုးရှိ ထိရောက်စွာ အသုံးချကြစေလိုကြောင်း၊ အလားတူ ရငွေများအပြည့်အဝရရှိစေရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့တွင်ရှိပြီးဖြစ်သည့် အုပ်ချုပ်ရေးယန္တရား၊ တရားဥပဒေစိုးမိုးရေးယန္တရားများကို အသုံးချ၍ ပေါင်းစပ်ညှိနှိုင်းပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအလိုက်လုပ်ငန်းများ တိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းများတိုးတက်လာမည်ဆိုပါက နိုင်ငံအတွက်လည်း တိုးတက်မှုများကို ခံစားရမည်ဖြစ်သဖြင့် အချင်းချင်း အပြန်အလှန်တိုင်ပင်ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူများအတွက် လိုအပ်ချက်နှင့်အညီ ထိရောက်သည့် အသုံးစရိတ်ဖြစ်စေရေးနှင့် လျာထားချက်နှင့်အညီ အချိန်မီသုံးစွဲရေးကို အဆင့်ဆင့်တာဝန်ရှိသူများက အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကြီးကြပ်သူများအနေဖြင့်လည်း မိမိတာဝန်ယူရသည့် ဌာနအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများသာမက ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးကြီးကြပ်မှုလုပ်ငန်းများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း။

**ဆောင်ရွက်ရန်မှာကြား**

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရာသီဥတုနှင့် အခြားအခြေအနေများအရ ယခင်ဘဏ္ဍာရေးနှစ်များထက် အရေးပေါ်ရန်ပုံငွေကို တိုးမြှင့်လျာထားသုံးစွဲနိုင်ရေး စီစဉ်ထားကြောင်း၊ ထို့အပြင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၌ ပြည်ထောင်စုဝန်ကြီးဌာနများက နယ်မြေအခြေအနေအရ လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် **"အထွေထွေ ပိုလျှံ ရန်ပုံငွေ"** (GRF) သို့ ပြန်လည်အပ်နှံသည့်ပိုလျှံငွေများမှ ပညာရေး၊ ကျန်းမာရေး၊ ဆောက်လုပ်ရေးကိစ္စတို့၌ အထူးကိစ္စတစ်ရပ်အနေဖြင့် လွှဲပြောင်းသုံးစွဲခွင့်ပြုထားပြီး ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ပြည်ထောင်စုမှ ထောက်ပံ့ပေးသည့် ငွေအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကကောက်ခံရရှိသည့် ရငွေများကို ပြည့်ပြည့်ဝဝရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်ဂျက်များသည် အရအသုံး ညီမျှသည့် ဘက်ညီဘတ်ဂျက်ပုံစံနှင့် ရေးဆွဲထားခြင်းဖြစ်သည့်အတွက် ရငွေပြည့်ပြည့်ဝဝရရှိမှသာ သုံးငွေကိုလည်း ပြည့်ပြည့်ဝဝသုံးစွဲနိုင်မည်ဖြစ်ကြောင်းကို သတိပြုစေလိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် လျာထားသည့်ရငွေများနှင့် အသုံးစရိတ်များကို စီမံခန့်ခွဲကြီးကြပ် ဆောင်ရွက်ရာတွင် နိုင်ငံတော်ကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့နှင့်အညီ ထိရောက်အောင်မြင်စွာ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၄) အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

( ၂၁ - ၃ - ၂၀၂၄ )





အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၄) အစည်းအဝေးကို မတ်လ (၂၁) ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားစီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များကိုလည်း နိုင်ငံ့အရေးကိုအလေးထားပြီး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အပြင် ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အစိုးရ၏ ဆောင်ရွက်ပေးနိုင်ခဲ့သည့် လုပ်ငန်းများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး၊ စားအုန်းဆီကို ပြည်ပမှတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ဆီထွက်

သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဝါဂွမ်းကို ပြည်တွင်း၌ပင် လုံလောက်စွာထုတ်လုပ်ပြီး အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊၊

ထုတ်ကုန်များများ ထုတ်လုပ်နိုင်မှ ပြည်တွင်းစားသုံးမှုသာမက ပြည်ပဈေးကွက် တိုးချဲ့တင်ပို့နိုင်ရေးတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSME)များကို အားပေးမြှင့်တင်ပေးခဲ့ကြောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရန်၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး အခြေခံလုပ်ငန်းများ၊ လျှပ်စစ်ရရှိရေး၊ ရေရရှိရေးစသည့်လုပ်ငန်းများ၊ ကျေးလက်ဒေသများတွင် ကုန်ထုတ်လမ်းများ၊ ရာသီမရွေး သွားလာနိုင်သည့် လမ်းကွန်ရက်များ ရရှိစေရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊၊

အရည်အသွေးမြင့်မားသည့် ပညာရေးစနစ်ဖြစ်စေရန် ပညာရေးတွင်လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ရရှိရန် ဦးစားပေးဆောင်ရွက်ပေးခဲ့ကြောင်း၊ လူတိုင်းစေ့ ပညာသင်ယူနိုင်သည့်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးကဏ္ဍ တိုးတက်စေရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးရေး၊ အားကစားနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးတို့အတွက် အားကစားကဏ္ဍ မြှင့်တင်ရေး အားကစားဆိုင်ရာ အခြေခံအဆောက်အအုံ တိုးတက်ရေးတို့ကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စရိတ်ကြောင့် မြင့်တက်လာသည့် ငွေဖောင်းပွမှု (cost push inflation)ကို အတတ်နိုင်ဆုံး ထိန်းနိုင်ရန် အခြေခံစားသောက်ကုန်များကို ပြင်ပဈေးနှုန်းထက် သက်သာစွာ ဝယ်ယူရရှိစေရေးအတွက်လည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊၊

ယခုကဲ့သို့ ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ပေးနေသော်လည်း အကြမ်းဖက်လုပ်ရပ်များကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုများ၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှုများကို အဟန့်အတားဖြစ်စေမှုများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ရည်မှန်းထားသလောက် အောင်မြင်မှုမရှိသေးသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊၊

နိုင်ငံတော်က ချမှတ်ထားသည့် **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"**ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံး၏အကျိုးကို ရှေးရှုပြီး လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် ကဏ္ဍအလိုက်နှင့် နယ်ပယ်အလိုက်တွင် လုပ်ငန်းများအောင်မြင်ရေးအတွက် ယခုထက် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ရရှိပြီးဖြစ်သည့် တိုးတက်မှုများကို အရှိန်အဟုန်မပျက်စေဘဲ လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းကို အောင်မြင်အောင် အင်တိုက်အားတိုက် ကြိုးပမ်း

နိုင်ငံတော်က မျှော်မှန်းထားသည့်
ရည်မှန်းချက်ပန်းတိုင်များ
ပြီးမြောက်အောင်မြင်ရေးအတွက်
ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊
ဦးတည်ချက်များ၊မူဝါဒရည်မှန်းချက်များကို
လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်
ခံယူပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊
တိုင်းဒေသကြီး ပြည်နယ်များက
ဟန်ချက်ညီညီ၊ အချိတ်အဆက်မိမိ
ပူးပေါင်းပြီး တက်ညီ လက်ညီ ဝိုင်းဝန်း
ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့်
နိုင်ငံတော်အစိုးရအနေဖြင့်လည်း
ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊
တိုင်းသူပြည်သားများ၏
သာယာဝပြောရေးတို့အတွက်
ပြည်သူ့ဗဟိုပြုလုပ်ငန်းများကို
လူထုနှင့် လက်တွဲပြီး
ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၊၊

ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ပြီး စီမံကိန်း၏ အကျိုးရလဒ်များကို ပြည်သူများ အလျင်အမြန်ခံစားရရှိစေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသားပို့ကုန် မဟာဗျူဟာကိုလည်း လာမည့်နှစ်နှစ်အတွင်း အကျိုးရရှိစေမည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး အမျိုးသားစီမံကိန်းနှင့် ချိတ်ဆက်အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း။

**ပြည်တွင်းအင်အားကသာ အဓိကကျ**

နိုင်ငံတော်၏ လူမှုစီးပွားရေးအဆောက်အအုံကို ဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်ခိုင်မာအောင် တည်ဆောက်ရာတွင် ပြည်တွင်းအင်အားကသာ အဓိကကျသည့်အတွက် ပြည်တွင်း၌ရှိသည့် အရင်းအမြစ်မျိုးစုံကို အလေအလွင့်မရှိစေဘဲ အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက်အောင်မြင်ရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ မူဝါဒရည်မှန်းချက်များကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်ခံယူပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး ပြည်နယ်များကဟန်ချက်ညီညီ၊ အချိတ်အဆက်မိမိပူးပေါင်းပြီး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာရေး၊ တိုင်းသူပြည်သားများ၏ သာယာဝပြောရေးတို့အတွက် ပြည်သူ့ဗဟိုပြုလုပ်ငန်းများကို လူထုနှင့်လက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း) ပြုစုရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်မြှင့်တင်ရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍအပါအဝင် အခြားကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြုစုထားခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ရရှိပြီးသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ဆက်လက်ထိန်းသိမ်းသွားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ပြည်သူလူထုတို့၏ အဓိကလိုအပ်သည့် အခြေခံလိုအပ်ချက်များဖြည့်ဆည်းပေးရေးကို အလေးထားဆောင်ရွက်**

နိုင်ငံတော်၏အရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး တိုးတက်သည့် ရလဒ်ကောင်းများရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူလူထုတို့၏ အဓိကလိုအပ်သည့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် စီမံကိန်းများ အချိန်မီပြီးစီးစေရေးအတွက်လည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်၏စီးပွားရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ လက်တွဲညီညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ စီမံကိန်းအသုံးစရိတ်များကိုလည်း စနစ်တကျထိရောက်စွာ စီမံခန့်ခွဲရန်လိုအပ်မည်ဖြစ်ကြောင်းကို ဆွေးနွေးပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို သုံးသပ်ဆွေးနွေးပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း (မူကြမ်း) ရေးဆွဲထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ဥပဒေ(မူကြမ်း) ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်းလျာထားမှုနှင့် ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

**နိုင်ငံတစ်ခုတွင် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့်ကာကွယ်ရေးအင်အားများ ကောင်းမွန်နေရန်လို**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတစ်ခုတွင် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားများ ကောင်းမွန်နေရန်လိုကြောင်း၊ အဆိုပါအင်အားများ ကောင်းမွန်ရန်အတွက် နိုင်ငံတည်ငြိမ်အေးချမ်းရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံတစ်ခုတိုးတက်ရေးအတွက် အသေးစိတ်ကျကျ လက်တွေ့သုံးသပ်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အချို့ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စီမံကိန်းများကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်းမရှိသည်ကို တွေ့ရကြောင်း၊ အားနည်းချက်များကိုဖော်ထုတ်၍ လာမည့်ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း။

သွင်းကုန်များလျှော့ချပြီး ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်း၌ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများဖြင့် လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်များပြားလာမှသာ ထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း၊ ပြည်ပဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း ဆောင်ရွက်လျက်ရှိနေကြကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အဆင့်မီ ကုန်ချောများထုတ်လုပ်နိုင်သည့် (MSME)လုပ်ငန်းများ များစွာရှိသော်လည်း အားပေးဆောင်ရွက်မှု အားနည်းသည်ကို တွေ့ရကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရန်လိုသကဲ့သို့ အခြားထုတ်ကုန်များကိုလည်း အဆင့်မီစွာ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရှိပြီးဖြစ်သည့် လူသားအရင်းအမြစ်များကို နေရာတကျ အသုံးချနိုင်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ဆောင်ရွက်နိုင်ရန်နှင့် အဆင်ပြေချောမွေ့စွာဖြင့် လုပ်ငန်းများ တိုးတက်လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို အကျိုးရှိရှိဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ နိုင်ငံသားများထံမှ ငွေကြေးရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်သူများအား ကုန်ထုတ်လုပ်မှု၌ ရင်းနှီးမြှုပ်နှံရေး ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေး

လူ့စွမ်းအားအရင်းအမြစ်
ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင်
အချိန်ယူဆောင်ရွက်ရခြင်းဖြစ်သည့်အတွက်
ကျောင်းသား ကျောင်းသူများ၏
ပညာ အရည်အသွေးပြည့်မီရေး၊
ခေတ်မီအတတ်ပညာများ၊ နည်းပညာများ
သင်ကြားနိုင်ရေးနှင့် မှန်ကန်သည့်
တွေးခေါ်မြော်မြင်မှုများရရှိရေး
လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်၊
ပညာရေးနှင့် ခေတ်မီနိုင်ငံတော်
တည်ဆောက်နိုင်ရေးကို မျှော်မှန်းပြီး
လူငယ်များ ဗလငါးတန်ပြည့်ဝရေး
သက်ဆိုင်ရာကဏ္ဍအလိုက်
ဆောင်ရွက်ပေးကြရမည်ဖြစ်။

ကို အလေးထားရန် ထပ်မံပြောကြားလိုကြောင်း၊ နှစ်စဉ် ပျမ်းမျှ စားသုံးဆီ ဒေါ်လာသန်း ၅၀၀ မှ ၆၀၀ အတွင်း ပြည်ပမှ တင်သွင်းနေရမှုအား ဆီဖူလုံအောင် ကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေကုန်ကျမှုကို များစွာ လျော့ကျစေမည်ဖြစ်ကြောင်း။

သယံဇာတပစ္စည်းများ တရားမဝင်ထုတ်ယူခြင်း၊ ရောင်းဝယ်ခြင်းနှင့် တရားမဝင်ကုန်သွယ်မှုများ မဖြစ်ပေါ်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြပ်မတ် ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ တိုင်းဒေသကြီး နှင့်ပြည်နယ်များအလိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များဖြင့် ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု ဝန်ကြီးဌာနများအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ် များအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသား စီမံကိန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး သုံးသပ် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြား ရာ၌ ယနေ့အစည်းအဝေးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းကို ဆွေးနွေးညှိနှိုင်းကြပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ များအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်နိုင်ရန် အတွက် လိုအပ်သည့် လုပ်ငန်းများကို ကြိုတင်ပြင်ဆင် စီစဉ်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် ရည်မှန်းထားသည့်အတိုင်း ဆောင်ရွက်နိုင်ရေး လုပ်ငန်းအလိုက် အဆင့်ဆင့်ကြီးကြပ်စစ်ဆေးမှုများ၊ စိစစ်သုံးသပ်မှုများကို အားကောင်းစွာဖြင့် ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ စီမံကိန်းကြောင့် ပြည်သူတို့၏ လူမှု စီးပွားအကျိုးခံစားခွင့်များရရှိရေးကို ဦးတည်ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍက ထုတ်လုပ်သည့် လုပ်ငန်းများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ် တင်ပို့နိုင်ရေးကို အားပေးမြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် ကြရမည်ဖြစ်ကြောင်း။

**လေ့ကျင့်ပျိုးထောင်ရမည်**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အချိန်ယူဆောင်ရွက်ရခြင်းဖြစ် သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ ပညာ အရည်အသွေးပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ၊ နည်းပညာများ သင်ကြားနိုင်ရေးနှင့် မှန်ကန်သည့် တွေးခေါ်မြော်မြင်မှုများရရှိရေး လေ့ကျင့်ပျိုးထောင်ရ မည်ဖြစ်ကြောင်း၊ ပညာရေးနှင့် ခေတ်မီနိုင်ငံတော် တည်ဆောက်နိုင်ရေးကို မျှော်မှန်းပြီး လူငယ်များ ဗလ ငါးတန်ပြည့်ဝရေးသက်ဆိုင်ရာကဏ္ဍအလိုက်ဆောင်ရွက် ပေးကြရမည်ဖြစ်ကြောင်း။

အစိုးရနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဖော်ဆောင် ကြရမည့် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသား ရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် မြှင့်တင် ရေးတို့အတွက် ခိုင်မာသည့် ဖွဲ့၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာနှင့် ကြိုးပမ်းကြရန်လိုအပ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးတို့ကို ပြည်တွင်းအားနှင့် စုပေါင်းပြီးသတိ ဝီရိယနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားလိုကြောင်း၊ ယခင်ဘဏ္ဍာရေးနှစ်မှ လုပ်ငန်းပြီးပြတ်ခြင်းမရှိဘဲ ပြန်လည်အပ်နှံခဲ့သည့် ဘဏ္ဍာ ငွေများကိုလည်း ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် အကျိုးရှိရှိအသုံးချလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ် များအလိုက် တာဝန်ရှိသူများအနေဖြင့် အလေးထား အားပေးဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ကမ္ဘာ့ရေနေ့ ၂၀၂၄ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

## ( ၂၂ - ၃ - ၂၀၂၄ )




ကမ္ဘာ့ရေနေ့ ၂၀၂၄ အခမ်းအနားကို မတ်လ(၂၂) ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပပြုလုပ်ရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တေးသံရှင်သန်းမြတ်စိုး၏ "တိမ်တမန်" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရေသယံဇာတသည် သဘာဝအရင်းအမြစ်တစ်ခုအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးအသက်မွေးဝမ်းကျောင်းနှင့် သက်ရှိများ အသက်ရှင်နေထိုင်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ လုံခြုံဘေးကင်းသန့်ရှင်းသည့်ရေသည် ကျန်းမာရေးကို အထောက်အကူပြုရုံသာမက ပတ်ဝန်းကျင်ကိုလည်း ကောင်းကျိုးပြုကြောင်း၊ ထို့ကြောင့် လူတိုင်း ကျန်းမာသန်စွမ်းနေစေရေးသန့်ရှင်းသည့် သောက်သုံးရေရရှိရန် လိုအပ်ကြောင်း။

**နှစ်စဉ် မတ်လ ၂၂ ရက်နေ့ကို "ကမ္ဘာ့ရေနေ့" အဖြစ်**

**သတ်မှတ်**

ကမ္ဘာပေါ်ရှိနိုင်ငံများတွင် ရေကို စနစ်တကျ ချွေတာအသုံးပြုရန်နှင့် လူတိုင်းလုံခြုံဘေးကင်းသည့် သောက်သုံးရေရရှိနိုင်စေရန် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အသိပေးနှိုးဆော်သည့်အနေဖြင့် နှစ်စဉ် မတ်လ ၂၂ ရက်နေ့ကို **"ကမ္ဘာ့ရေနေ့"** အဖြစ် သတ်မှတ်ပြီး ၁၉၉၃ ခုနှစ်မှစပြီး ကမ္ဘာ့ရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလျက်ရှိကြောင်း၊ နှစ်အလိုက် ကမ္ဘာ့ရေနေ့ဆိုင်ရာ အထူးပြုအသိပေးလိုသည့် အဓိကအကြောင်းအရာ ဆောင်ပုဒ်များကို သတ်မှတ်ဆောင်ရွက်ခဲ့ရာ ယခုနှစ်ကမ္ဘာ့ရေနေ့ ၂၀၂၄ အတွက် ဆောင်ပုဒ်(Theme)မှာ **"ငြိမ်းချမ်း သာယာဝပြောရေး ရေကဏ္ဍကိုမြှင့်တင်ပေး" "Leveraging Water for Peace"** ပင်ဖြစ်ကြောင်း။

ကမ္ဘာလုံးဆိုင်ရာ ရေအကျပ်အတည်းသည် လူသားများရင်ဆိုင်နေရသည့် အရေးကြီးဆုံးစိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ အဆိုအရ လူဦးရေ နှစ်ဘီလီယံကျော်သည် ဘေးကင်းသည့် သောက်သုံးရေ မရရှိကြသည့်အပြင် လေးဘီလီယံကျော်သည်လည်း တစ်နှစ်အနည်းဆုံး တစ်လတာရေရှားပါးမှုခံစားနေကြရသည်ကို သိရှိရကြောင်း၊ တစ်ဖက်တွင်လည်း ရာသီဥတုပြောင်းလဲလာမှုနှင့် လူသားများ၏ ပယောဂများကြောင့် ရေသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိပြီး ရေအရင်းအမြစ်များ လျော့နည်းလာနေကြောင်း။

ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းသည် ရေများဖုံးလွှမ်းလျက်ရှိသော်လည်း ကမ္ဘာ့ရေထုစုစုပေါင်း၏ ၉၇ ဒသမ ၅ ရာခိုင်နှုန်းသည် ပင်လယ်သမုဒ္ဒရာဆားငန်ရေများဖြစ်ကြကြောင်း၊ ကျန် ၂ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရေချိုများဖြစ်ပြီး အဆိုပါ ရေချိုများ၏ ၆၈ ရာခိုင်နှုန်းသည်လည်း ရေခဲတောင်များ၊ ဝင်ရိုးစွန်းများနှင့် လေထုထဲတွင်မိုးတိမ်နှင့် ရေငွေ့များအဖြစ် တည်ရှိနေခြင်းကြောင့် အသုံးမပြုနိုင်ကြောင်း၊ မြေပြင်ပေါ်ရှိ ရေအားလုံး၏ သုညဒသမ ၅ ရာခိုင်နှုန်းနှင့် မြေအောက်ရေ ၃၀ ဒသမ ၁ ရာခိုင်နှုန်းကိုသာ သုံးစွဲနိုင်သည့်အတွက် အသုံးပြုနိုင်သည့် ပမာဏ အလွန်နည်းပါးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ကမ္ဘာပေါ်တွင် ရေချိုအရင်းအမြစ်များ အကန့်အသတ်ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ လေ့လာမှုများအရ နှစ်စဉ်လူဦးရေ ၁ ဒသမ ၄ သန်းသည် မသန့်ရှင်းသည့်ရေကြောင့် ဖြစ်ပေါ်သည့် ရောဂါများနှင့် မိလ္လာမသန့်ရှင်းမှုများကြောင့် သေဆုံးနေကြရကြောင်း၊ လူဦးရေ ၇၄ သန်းသည်လည်း တဖြည်းဖြည်းနှင့် သက်တမ်းတိုတောင်းလာသည်ကိုတွေ့ရကြောင်း၊ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ရေ လိုအပ်ချက်သည် ၅၅ ရာခိုင်နှုန်း အထိတိုးတက်လာမည်ဟု ပညာရှင်များက ခန့်မှန်းထားကြကြောင်း၊ ထို့ပြင် ကမ္ဘာ့လူဦးရေ၏ တစ်ဝက်နီးပါးဖြစ်သည့် သန်း ၃၆၀၀ သည် သန့်ရှင်းသည့် မိလ္လာစနစ် မရရှိသေးသည်ကို စစ်တမ်းများ၌ ဖော်ပြထားကြောင်း။

**ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိ**

မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ရေမူဝါဒများနှင့် ဥပဒေများဖော်ဆောင်ချမှတ်ပြီး စိုက်ပျိုးရေးကဏ္ဍအတွက် ရေတိုးမြှင့်ရရှိရေး၊ စွမ်းအင်ကဏ္ဍအတွက် ရေအားလျှပ်စစ်တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အိမ်သုံးရေတိုးမြှင့်ပေးဝေနိုင်ရေး၊ စက်မှုလုပ်ငန်းသုံးရေ ပိုမိုပေးဝေနိုင်ရေးတို့အတွက် ဘက်စုံရေစီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

ရေစီမံခန့်ခွဲမှုသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ စားနပ်ရိက္ခာဖူလုံမှုရှိစေရန်၊ ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ရန်၊ ရေညစ်ညမ်းမှုများကို တားဆီးရန်နှင့် ရေဆိုင်ရာ ပဋိပက္ခဖြေရှင်းရန် စသည့် ပန်းတိုင်များစွာကို ရောက်ရှိစေနိုင်မည့် အရေးကြီးသည့် အခြေခံခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတကာက ကောင်းမွန်ပြည့်စုံသည့် ရေစီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများကို နမူနာယူပြီး မြန်မာနိုင်ငံအနေဖြင့် **"အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ"**ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ရေဆိုင်ရာကဏ္ဍစုံကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်နှင့် ရေကဏ္ဍအားလုံးကိုလွှမ်းခြုံသည့် **"အမျိုးသားရေဥပဒေ"** တစ်ရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ နိုင်ငံတစ်ဝန်း၌ တည်ဆောက်ထိန်းသိမ်းထားရှိသည့် ရေလှောင်တမံ ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊

ရေကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခုနှင့် မြစ်ရေတင်လုပ်ငန်း ၂၁၉ ခုရှိပြီး စိုက်ပျိုးရေ ပေးဝေခြင်း၊ သောက်သုံးရေပေးဝေခြင်းနှင့် အချို့ရေလှောင်တမံများတွင် ရေအားလျှပ်စစ်ထုတ်လုပ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကမြစ်ကြီးလေးစင်းဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်နှင့် အခြားမြစ်ချောင်းများမှ ရေကိုစုပ်တင်ပြီး စိုက်ပျိုးရေပေးဝေရေး ဆောင်ရွက်လျက်ရှိသည့် မြစ်ရေတင်စီမံကိန်း စုစုပေါင်း ၃၉၈ ရှိပြီး စိုက်ပျိုးရေပေးဝေနိုင်သည့် မြေဧရိယာဧက ခုနစ်သိန်း ငါးသောင်းနီးပါးရှိကြောင်း၊ ထို့အပြင် မြေအောက်ရေတွင်းများ တူးဖော်ပြီး စိုက်ပျိုးရေပေးဝေခြင်း လုပ်ငန်း ၁၄၉၈၉ ခုမှ စိုက်ပျိုးမြေဧရိယာဧက ကိုးသိန်းသုံးသောင်းနီးပါးကို ရေပေးဝေလျက်ရှိကြောင်း။

**ရေအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရေး**

မိမိတို့နိုင်ငံ၌ စိုက်ပျိုးရေးကဏ္ဍသည် ရေချိုသုံးစွဲမှုအများဆုံးဖြစ်ပြီး ၈၉ ရာခိုင်နှုန်းကို သုံးစွဲလျက်ရှိနေသောကြောင့် ရေအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲနိုင်ရေးသည် နိုင်ငံအတွက်အရေးပါသည့်ကဏ္ဍ တစ်ရပ်ဖြစ်လာကြောင်း၊ အနာဂတ်ရေဖူလုံစေရေးအတွက် ရေစီမံအုပ်ချုပ်ရေးဟုခေါ်သည့် (Water Governance) လုပ်ငန်းများတွင် လူငယ်များ၏ ပါဝင်မှုသည် လွန်စွာအရေးကြီးသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့သည့် ရေစီမံခန့်ခွဲမှုအလေ့အကျင့်ကောင်းများ ရရှိစေရန် လူငယ်များကိုအသိပညာပေးခြင်းသည် အရေးပါသည့်အခန်းကဏ္ဍအဖြစ်ပါဝင်လျက်ရှိကြောင်း။

နောက်ထပ် အရေးကြီးသည့်အချက်မှာ ရေဆိုင်ရာအချက်အလက် (Data)များကို အခြေခံပြီး သိပ္ပံနည်းကျရေစီမံခန့်ခွဲမှုနည်းလမ်းများတွင် အသုံးချခြင်းဖြင့်လူသားနှင့် သက်ရှိများစွာအတွက် အလွန်အကျိုးရှိကြောင်းသုတေသနများစွာက သက်သေပြနိုင်သည်ကို တွေ့ရှိရကြောင်း၊ ရေဆိုင်ရာသိပ္ပံနည်းကျ သုတေသနလုပ်ငန်းများတွင် ဆက်လက်ပြီး ရင်းနှီးမြှုပ်နှံခြင်းဖြင့် မိမိတို့တွင်ရှိပြီးဖြစ်သည့် ရေအရင်းအမြစ်များ၏ သဘောသဘာဝများကို ပိုမိုနားလည်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပြီး ရေအရင်းအမြစ်များကို အသုံးချနိုင်ရန်နည်းလမ်းများ၊ ရေနှင့်ဆိုင်သည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်နိုင်မည့်နည်းလမ်းများကို ရှာဖွေရာတွင်လည်းကောင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ခြင်း(Decision–Making)ပြုလုပ်ရာတွင်လည်းကောင်း ပိုမိုတိကျစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုမိမိတို့နိုင်ငံတွင်လည်း **"ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့"** ဖွဲ့စည်းထားပြီးဖြစ်သဖြင့် ရေဆိုင်ရာအချက်အလက်များကို စုစည်းကာ (Data Bank)တစ်ခု ဖြစ်ပေါ်လာရေးဆောင်ရွက်လျက်ရှိကြောင်း။

ယခုနှစ် ကမ္ဘာ့ရေနေ့အထိမ်းအမှတ် ဆောင်ပုဒ်အတိုင်း **"ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကိုမြှင့်**

**ရေစီမံခန့်ခွဲမှုသည် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ စားနပ်ရိက္ခာဖူလုံမှုရှိစေရန်၊ ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ရန်၊ ရေညစ်ညမ်းမှုများကို တားဆီးရန်နှင့် ရေဆိုင်ရာ ပဋိပက္ခ ဖြေရှင်းရန် စသည့်ပန်းတိုင်များစွာကို ရောက်ရှိစေနိုင်မည့် အရေးကြီးသည့် အခြေခံခြေလှမ်းတစ်ရပ်ဖြစ်၊ နိုင်ငံတကာက ကောင်းမွန်ပြည့်စုံသည့် ရေစီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများကို နမူနာယူပြီး မြန်မာနိုင်ငံအနေဖြင့် "အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီ"ကို ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပြီး ရေဆိုင်ရာကဏ္ဍစုံကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်နှင့် ရေကဏ္ဍအားလုံးကို လွှမ်းခြုံသည့် "အမျိုးသားရေဥပဒေ" တစ်ရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ။**

**တင်ပေး”** နိုင်ရေးအတွက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်လည်းကောင်း၊ ဥပဒေအားဖြင့်လည်းကောင်း၊ နည်းပညာအားဖြင့်လည်းကောင်း၊ အစွမ်းကုန်ထိန်းသိမ်းသွားရန်လိုအပ်ပြီး အမြော်အမြင်ရှိစွာဖြင့် စီမံခန့်ခွဲ ဆောင်ရွက်ပေးကြရန်၊ အနာဂတ်ရေဖူလုံစေရေး လူငယ်များ၏ပါဝင်မှုသည် အရေးကြီးသည့်အတွက် လူငယ်များကို လေ့ကျင့်ပျိုးထောင်ရေးကို အလေးထားဆောင်ရွက်ပေးကြရန်၊ မိမိတို့၏ လက်ရှိနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် နိုင်ငံ၏ ရေအရင်းအမြစ်များကို ရေရှည်တည်တံ့ပြီး မျှတစွာသုံးစွဲနိုင်စေရန်၊ ရေအရင်းအမြစ်ကို ထိရောက်အကျိုးရှိစွာ ရေရှည်အသုံးပြုသွားနိုင်ရေး ရေဆိုင်ရာစီမံခန့်ခွဲမှုကဏ္ဍများတွင် အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

■ ■ ■

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ITAR-TASS Media နှင့် တွေ့ဆုံမှု

## ( ၂၅ - ၃ - ၂၀၂၄ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီး ဇေယျာသီရိဗိမာန်သံတမန်ခန်းမ၌ မတ်လ (၁၈) ရက်နေ့ နံနက်ပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ITAR–TASS Media မှ ရုရှား–မြန်မာ နှစ်နိုင်ငံ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများနှင့် ဖြေကြားမှုများကို ဖော်ပြလိုက်ပါသည်–

**မေး။ ။ လေးစားရပါသော အဆွေတော်ဝန်ကြီးချုပ်ခင်ဗျာ အဆွေတော်ဝန်ကြီးချုပ်အနေနဲ့ အခုလိုမျိုး ကျွန်တော်တို့ TASS Media နဲ့ အင်တာဗျူးမေးဖို့အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပထမဆုံးပြောကြားလိုပါတယ်။ ကျွန်တော်တို့ ရုရှား–မြန်မာဆက်ဆံရေးဟာဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက သမိုင်းမှာ အထင်အရှားရှိခဲ့တဲ့ ဆက်ဆံရေးလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကဆိုရင် ရုရှား–မြန်မာ သံတမန်ဆက်ဆံရေးဟာ (၇၅) နှစ်ပြည့်မြောက်ပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော် ဒီဆက်ဆံရေးနဲ့ပတ်သက်ပြီး ငယ်ဘဝတုန်းက သတိရတာလေးတစ်ချက်ကို အဆွေတော်ကို တင်ပြချင်ပါတယ်။ ကျွန်တော်ငယ်ဘဝတုန်းက ဆိုဗီယက်ပြည်ထောင်စုကို မြန်မာနိုင်ငံက ဝန်ကြီးချုပ် ဦးနုလာတဲ့အချိန် ကျွန်တော် ကလေးဘဝက ပထမဦးဆုံး မြင်ဖူးခဲ့တဲ့အနေအထားမျိုး ဖြစ်ခဲ့ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ အဲဒီကတည်းက ကျွန်တော် မြန်မာနဲ့ပတ်သက်ပြီးတော့ စိတ်ဝင်စားခဲ့ပါတယ်။ အခုဆိုရင် အဆွေတော်ဝန်ကြီးချုပ်နဲ့ ကျွန်တော် အင်တာဗျူးမေးမြန်းတဲ့အဆင့်ထိ ရောက်ရှိလာပြီဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ပထမဆုံးမေးချင်တဲ့မေးခွန်းကတော့ မြန်မာနဲ့ ရုရှားနှစ်နိုင်ငံကြားမှာ မည်သည့်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုတွေက အအောင်မြင်ဆုံးဖြစ်ပြီးတော့မည်သည့်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုတွေဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသေးလဲဆိုတာကို သိချင်ပါတယ်။**

ဖြေ။ ။ ရုရှားနဲ့မြန်မာနိုင်ငံနဲ့ဆက်ဆံရေးကတော့ နှစ်ပေါင်းများစွာရှိခဲ့ပြီး သမိုင်းဟိုးရှေးကတည်းက ရှိခဲ့ပါတယ်။ နောက်ကျရင် ဒါလေးကို အထောက်အထားလေးတစ်ခု

ကျွန်တော်ပြပါမယ်။ သံတမန်ဆက်သွယ်မှုကတော့ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်ကနေစခဲ့ပါတယ်။ အခုဆိုရင် (၇၆) နှစ်တာကာလ ကျော်လာခဲ့ပြီဖြစ်ပါတယ်။ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တွေကတော့ တော်တော်လေးများပါတယ်။ လွတ်လပ်ရေးရတဲ့ခေတ်ကစပြီးတော့ ပြောမယ်ဆိုရင်တော့ နယ်ပယ်ပေါင်းစုံရှိခဲ့တာ ကျွန်တော်တွေ့တယ်။ သို့သော်လည်းပဲ ဒီဘက်နောက်ပိုင်းမှာတော့ ကာကွယ်ရေးပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေက ပိုများလာတာကို ကျွန်တော်တို့တွေ့တယ်၊ ကာကွယ်ရေးဆိုတာ နှစ်ပိုင်းရှိတာ၊ တစ်ပိုင်းကတော့ တပ်မတော်ပိုင်းဆိုင်ရာနဲ့ တစ်ဖက်ကတော့ နည်းပညာနဲ့ အတတ်ပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပေါ့၊ မြန်မာ့တပ်မတော်ခေတ်မီရေးအတွက် ရုရှားနိုင်ငံက ကူညီပံ့ပိုးပေးခဲ့သလိုပဲ မြန်မာ့တပ်မတော်က အရာရှိတွေ တော်တော်များများကို ရုရှားနိုင်ငံမှာ သိပ္ပံပညာနည်းပညာ စစ်ဘက်အတတ်ပညာ ဒါတွေကို များစွာသင်ပေးခဲ့တာပေါ့။ ဒါနယ်ပယ်ကတော့ ဒါအကြီးမားဆုံးဟာပါပဲ။ ဒါပေမယ့် ဒါတွေလားဆိုတော့ မဟုတ်သေးဘူး။ ကျန်တဲ့ဟာတွေလည်း အများကြီးရှိပါတယ်။ ဥပမာ စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဘက်ဆိုင်ရာကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍစသဖြင့် ဒါတွေရှိပါတယ်။ ယခုကျွန်တော်တို့နဲ့ ဆောင်ရွက်ဆဲ ကိစ္စထဲမှာဆိုလို့ရှိရင် Rosatom ရုရှားနိုင်ငံရဲ့ အဏုမြူစွမ်းအင်ကွန်ပိုစာအဖွဲ့နဲ့ လုပ်နေတာကတော့ အသေးစားအဏုမြူစွမ်းအင်ဓာတ်အားပေးစက်ရုံလုပ်ငန်းတစ်ခုရှိပါတယ်၊ နောက်တစ်ခုကတော့ စိုက်ပျိုးရေးကဏ္ဍမှာ ရုရှားနည်းပညာနဲ့ ဓာတ်မြေသြဇာထုတ်လုပ်ပြီးတော့မှ မြန်မာနိုင်ငံမှာ ဓာတ်မြေသြဇာထုတ်လုပ်မယ့် စက်ရုံတည်ဆောက်ရေးလုပ်ငန်း၊ အခုလက်ရှိ ဒီရုရှားနည်းပညာနဲ့ ထုတ်ယူထားတဲ့ ဓာတ်မြေသြဇာကို အသုံးပြုတဲ့အခါမှာ တော်တော်အောင်မြင်တယ်လို့ ကျွန်တော်တို့ ပြောပါတယ်။ ဒါလည်း တိုးချဲ့ဆောင်ရွက်ဖို့ရှိပါတယ်။ ဒ့ါအပြင် သတ္တုတူးဖော်ရေးလုပ်ငန်း၊ လေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း၊ အခြားဆိုလာနဲ့ပတ်သက်တဲ့ လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း၊ ကျန်းမာရေးနဲ့ပတ်သက်ပြီး ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းစသဖြင့် နယ်ပယ်များစွာရှိတယ်။ ဒါတွေကျွန်တော်တို့ ဆက်လက်လုပ်ဖို့လည်း အစီအစဉ်ရှိကြောင်း အဆွေတော်ကို ကျွန်တော်ပြောလိုပါတယ်။

**မေး။ ။ လေးစားရပါသော အဆွေတော်ဝန်ကြီးချုပ်ခင်ဗျာ အဆွေတော်အနေနဲ့ အစိုးရအဖွဲ့အကြီးအကဲအဖြစ် တာဝန်ယူပြီး သတ်မှတ်လုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်ရာမှာ ပြီးမြောက်ပြီးဖြစ်တဲ့ လုပ်ငန်းစဉ်တွေနဲ့ မကြာမီဆောင်ရွက်မယ့် လုပ်ငန်းတွေကိုလည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့ စတာဝန်ယူတဲ့ အချိန်တုန်းကတော့ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲမသမာမှုလုပ်ခဲ့တဲ့အတွက်ကြောင့် ဒီအပေါ်မှာ ဖြေရှင်းဖို့ ဆောင်ရွက်နိုင်ပေမယ့်လည်း အဓမ္မနည်းနဲ့ အာဏာယူဖို့ကြိုးစားလာတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာပြီးတော့မှ တာဝန်ယူခဲ့တာဖြစ်ပါတယ်။ ဒ့ါကြောင့် ကျွန်တော်တို့ စပြီးရှင်းရမယ့်ပြဿနာက မဲမသမာမှုကိစ္စကို စပြီးဖြေရှင်းရမဲ့ကိစ္စဖြစ်ပါတယ်။

အဲဒီတော့ မဲမသမာမှုလုပ်တဲ့နေရာမှာ ကျွန်တော်တို့စိစစ်တဲ့အခါကျတော့ UEC ကို အသစ်ပြန်လည်ဖွဲ့စည်းပါတယ်။ ဖွဲ့စည်းပြီးတော့ UEC ကနေပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ပေါ့ ကျွန်တော်တို့ ပြန်လည်ဖွဲ့စည်းပါတယ်။ ဖွဲ့စည်းပြီး စစ်စေတဲ့အခါမှာ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတုန်းက အဲဒီတုန်းက UEC ကနေ ကြေညာခဲ့တဲ့ မဲစာရင်းက ၃၈ သန်းကျော်ရှိပါတယ်။ မဲမသမာမှုကို ပြန်လည်စစ်ဆေးဖော်ထုတ်တဲ့အခါမှာ ၁၁ ဒသမ ၃ သန်းထိ မဲမသမာမှု လုပ်ခဲ့တာတွေ့ရတယ်။ ဆိုလိုတာကတော့ ၃၀ ရာခိုင်နှုန်းနီးပါးလောက် မဲမသမာမှုလုပ်တယ်ပေါ့၊ တော်တော်ကြီးမားတဲ့ မဲမသမာမှုလုပ်ငန်းဖြစ်ပါတယ်။ တစ်နေရာတည်းလား နေရာအနည်းငယ်ပဲ ဖြစ်တာလားဆိုတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်ရွေးကောက်ပွဲပြုလုပ်ခဲ့တဲ့ ၃၁၅ မြို့နယ်စလုံးမှာ ရာဂဏန်းကနေ သိန်းဂဏန်းအထိ မဲလွဲမှားမှုတွေဖြစ်ပါတယ်။ နိုင်ငံရေးအရ ရိုးရိုးသားသားပြောတာပါ။ မဲမသမာမှု လုပ်ခဲ့တယ်လို့ပဲ ကျွန်တော်တို့ ပြောပါတယ်။ ဒါက တော်တော်အကျည်းတန်အရုပ်ဆိုးခဲ့တဲ့ကိစ္စ၊ ဒါကိုဖော်ထုတ်ပြီး တွေ့ရှိတဲ့အခါမှာ တာဝန်ရှိတဲ့သူအားလုံးကို ကျွန်တော်အရေးယူခဲ့တာ ပထမဦးဆုံး စလုပ်ခဲ့ပါတယ်။

အဲဒီတော့ အဆွေတော်လည်း သိပြီးတဲ့အတိုင်းပဲ ပြီးခဲ့တဲ့ အဲဒီကာလတုန်းက ကျွန်တော်တို့က ကိုဗစ်-၁၉ ဖြစ်လာတဲ့ကာလဖြစ်ပါတယ်။ မြန်မာနိုင်ငံလည်း

Second Wave ဖြစ်နေတဲ့အချိန်ဖြစ်ပါတယ်။ တော်တော်လေး ပြင်းပြင်းထန်ထန်ဖြစ်ခဲ့ပြီး လူပေါင်း ဖ သိန်းကျော်လောက် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကိုဗစ်ရောဂါကူးစက်မှုခံခဲ့ရပါတယ်။ တော်တော်များများလည်း သေခဲ့ပါတယ်။ ကျွန်တော်တို့ ကိုဗစ်ရောဂါကာကွယ်ရေးအတွက် သေချာ ကျွန်တော်ဦးဆောင်ပြီး ဒီဟာကို လုပ်ခဲ့တာဖြစ်ပါတယ်။ တိုက်ခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်မှာလည်း အခက်အခဲတွေ အများကြီးကြုံခဲ့ပါတယ်။ တစ်အချက်ကတော့ ကုသဆေးပေါ့၊ ကာကွယ်ဆေးတွေ ကျွန်တော့်မှာမရှိဘူး၊ အောက်ဆီဂျင်တွေ မရှိဘူး၊ ဒါကိုလည်း အိမ်နီးနားချင်း မိတ်ဆွေနိုင်ငံတွေက ကူညီပေးတာ၊ အဆွေတော်တို့ ရုရှားနိုင်ငံအပါအဝင် မိတ်ဆွေနိုင်ငံတွေကနေပြီးတော့ ကာကွယ်ဆေးတွေ ကျွန်တော်တို့ကို ကူညီပေးတာတွေ ရှိပါတယ်။ ဒီတော့ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားတွေ အသက်ပေါင်းများစွာ ကူညီပေးနိုင်ခဲ့တယ်။ ကျွန်တော်တို့ ကိုဗစ်ရောဂါ Third Wave အထိဖြစ်ခဲ့ပေမယ့်လည်း ကျွန်တော်လျင်မြန်စွာ ထိန်းချုပ်နိုင်တဲ့အတွက်ကြောင့် ဒီဟာကိုလည်း ကျွန်တော်ကျော်လွှားနိုင်ပြီလို့ ပြောလို့ရပါတယ်။ ဒါ ဒုတိယဆောင်ရွက်ခဲ့တဲ့အချက် ဖြစ်ပါတယ်။

တတိယအချက်ပေါ့ အဲဒါကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒီကိုဗစ်ရောဂါဖြစ်တာနဲ့အတူတူပဲ၊ တစ်ကမ္ဘာလုံးမှာဖြစ်တဲ့ဟာ တစ်ခုကတော့ စီးပွားရေးကျဆင်းမှုပဲဖြစ်ပါတယ်၊ မြန်မာနိုင်ငံလည်း စီးပွားရေးကျဆင်းမှုဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီကိုဗစ်ရောဂါကြောင့် ဖြစ်တာပဲမဟုတ်ဘဲနဲ့ ၂၀၁၈ ခုနှစ်လောက်ကတည်းက မြန်မာနိုင်ငံရဲ့ စီးပွားရေးစီမံခန့်ခွဲမှုအားနည်းချက်တွေကြောင့် ကျဆင်းခဲ့ပါတယ်။ ဒါကို ကျွန်တော်တို့ စီးပွားရေး ပြန်လည်နာလန်ထူမှုဖြစ်အောင် အားသွန်ခွန်စိုက်ကြိုးစားခဲ့တဲ့အတွက် ကျွန်တော်တို့စီးပွားရေး နာလန်ထူတာလည်း ရှိပါတယ်။ ဒီအတွက်လည်း တော်တော်လေး ကျွန်တော်တို့ ရုန်းကန်ခဲ့ရတာရှိပါတယ်။ ၂၀၂၁-၂၂-၂၃ တောက်လျှောက်ကို စီးပွားရေးပြန်လည်ဦးမော့လာတဲ့အခြေအနေတော့ ကျွန်တော်တို့ ရရှိခဲ့ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ရဲ့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းရေးမှာလည်း နှစ်ခု ရှိတာပေါ့၊ တစ်ခုကတော့ ဒီအရေးပေါ်ကာလဖြစ်ပြီးတဲ့အချိန်မှာလည်း သဘောထားကွဲလွဲတဲ့သူတွေကတော့ ဆူပူမှုတွေ ဆန္ဒပြမှုတွေလုပ်ခဲ့တာ တစ်ပိုင်းရှိပါတယ်၊ ဒါကိုလည်း ကျွန်တော်တို့ ပြန်ပြီးတော့ တည်ငြိမ်အောင်ကြိုးစားရတာပေါ့၊ နောက်တစ်ခုကတော့ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရကတည်းက ကျွန်တော်တို့ နိုင်ငံဟာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေနဲ့ စခဲ့တာဖြစ်ပါတယ်။ အခုချိန်အထိ ကျွန်တော်တို့ဖြစ်နေတုန်းပါ။ ဒါဟာလည်း ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးပျက်ယွင်းမှု အခြေအနေတစ်ခုကို ကျွန်တော်တို့ ပြန်ပြီးတော့ လုပ်ရတာရှိတယ်။ အဲဒီမှာ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်က ကျွန်တော်တို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ သဘောတူညီချက်တစ်ခု ကျွန်တော်တို့ရခဲ့ပါတယ်။ အဲဒါက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ဖြစ်ပါတယ်။ ဒါကို လက်မှတ်ရေးထိုးခဲ့တာဖြစ်ပါတယ်။ ဒီပေါ်မှာ ကျွန်တော်တို့ရအောင်ထိန်းသိမ်းခဲ့တာ ဆောင်ရွက်ခဲ့တာရှိပါတယ်။ အခုထိ ကျွန်တော်တို့ ဒါကိုပဲထိန်းသိမ်းပြီး ဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးမှုနည်းပါးခြင်းဟာ ဒီတည်ငြိမ်အေးချမ်းမှုမရှိတဲ့အတွက်ကြောင့် ဖြစ်တယ်ဆိုတာတော့ အရင်းခံအကြောင်းရင်းဖြစ်ပါတယ်။ ဒါ့ကြောင့် တည်ငြိမ်မှုရအောင်လည်း ကျွန်တော် ကြိုးစားဆောင်ရွက်ခဲ့ရတာ ရှိပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတက်လာခြင်းဟာ မဲမသမာမှုကြောင့်ဖြစ်လာတဲ့အကျိုးဆက်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒီရွေးကောက်ပွဲပေါ့လေ၊ ရွေးကောက်ပွဲ မဲမသမာမှုကနေဖြစ်လာတဲ့ အကျိုးဆက်တစ်ခုဖြစ်ပါတယ်၊ ဒါ့ကြောင့် ကျွန်တော်တို့က လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲတစ်ခု ပြန်လည်ကျင်းပရေးကတော့ ကျွန်တော်တို့ရဲ့ နောက်ဆုံးရည်မှန်းချက်ဖြစ်ပါတယ်၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်တွေ ပြီးသွားပြီဆိုတာနဲ့ ရွေးကောက်ပွဲ ကျွန်တော်တို့ ပြန်လုပ်မှာဖြစ်ပါတယ်၊ အဲဒီတော့ ကျွန်တော်တို့က ဒီအရေးပေါ်ကာလတွေပြီး လို့ရှိရင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ကျွန်တော်တို့က အာဏာပြန်လွှဲမယ်၊ ပြန်လွှဲပြီးတော့ အဲဒီရဲ့ဦးဆောင်မှုနဲ့ (၆) လအတွင်းမှာ ကျွန်တော်တို့ ရွေးကောက်ပွဲ ပြန်လုပ်ရမှာဖြစ်ပါတယ်၊ အဲဒီတော့ ဒီရွေးကောက်ပွဲလုပ်နိုင်ဖို့ဆိုရင် မဲစာရင်းတွေ မှားယွင်းမှုကြောင့် ဖြစ်လာတဲ့အတွက်ကြောင့် မဲစာရင်းမှန်ကန်ရေး

ကိုလည်း ကျွန်တော်တို့က အဓိကထားလုပ်ရမှာ၊ မဲစာရင်း မှန်ကန်ရေးကလည်း ဒီနှစ်ထဲမှာ အတတ်နိုင်ဆုံး ကျွန်တော်တို့ လုပ်ပါမယ်၊ ပြည့်စုံပြီးလို့ရှိရင် တိုင်းပြည် တည်ငြိမ်မှုကောင်းပြီဆိုတာနဲ့ လုပ်နိုင်တဲ့အပိုင်းလိုက်ပေါ့ တစ်ပြိုင်နက်တည်း မဟုတ်တောင်မှ လုပ်နိုင်တဲ့အပိုင်း လိုက်ကို ဥပဒေနဲ့အညီ ကျွန်တော်တို့ ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားဖို့ရှိပါ တယ်ဆိုတာ ကျွန်တော်ပြောလိုတယ်။

**မေး။ ။ အဆွေတော်ဝန်ကြီးချုပ်အနေနဲ့ ရုရှားနိုင်ငံကို အကြိမ်ပေါင်းမြောက်မြားစွာ ရောက်ရှိခဲ့တယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်၊ ရောက်ရှိတဲ့အချိန်မှာလည်း အဆွေတော်အနေနဲ့ ရုရှားနိုင်ငံရဲ့ အထင်ကရနေရာတွေ ကိုလည်း သွားရောက်လေ့လာခဲ့တယ်လို့ သိရှိရပါတယ်၊ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ မေးချင်တဲ့မေးခွန်းကတော့ အဆွေတော်အနေနဲ့ ရုရှားနိုင်ငံအပေါ်မှာ ဘယ်လိုမျိုး မြင်ပါသလဲ၊ ရုရှားနိုင်ငံနဲ့ပတ်သက်ပြီးတော့ အနည်းငယ် ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံက အလှမ်းတော့ဝေးပေ မယ့်လည်း စိတ်ချင်းနီးတဲ့နိုင်ငံတွေ ဖြစ်တာပေါ့၊ နောက်ခံ အကြောင်းအရာတွေလည်း တူခဲ့တဲ့နိုင်ငံတွေဖြစ်တယ်၊ ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး ပြောရလို့ရှိရင်တော့ အရင် ဆိုဗီယက်ပေါ့၊ ဆိုဗီယက်ခေတ်တုန်းကလည်း ရုရှားက ကမ္ဘာ့ဦးဆောင်နိုင်ငံတစ်ခုအနေနဲ့ ကမ္ဘာမှာ ကမ္ဘာရဲ့ အင်အား Balance ဖြစ်အောင်ထိန်းနိုင်ခဲ့တဲ့ နိုင်ငံတစ်ခု ဖြစ်တယ်၊ နောက်တစ်ခါ နောက်ပိုင်းမှာတော့ ဆိုဗီယက် ပြည်ထောင်စုကြီး ပြိုကွဲသွားပြီးတော့မှ ရုရှားနိုင်ငံ တော်တော်ရုန်းကန်ခဲ့ရတာရှိပါတယ်၊ အဲဒီမှာတော့ ရုရှား ပြည်သူတွေရဲ့စိတ်ဓာတ်ပေါ့၊ နောက်အစိုးရရဲ့ ဦးဆောင် မှုပေါ့၊ တပ်မတော်ရဲ့ပူးပေါင်းဆောင်ရွက်မှုပေါ့၊ ဒါတွေနဲ့ ရုရှားနိုင်ငံ လက်ရှိအခြေအနေမှာလည်း ကမ္ဘာ့ဦးဆောင် နိုင်ငံတစ်ခုအဖြစ်ရှိနေတာဖြစ်ပါတယ်၊ နောက် ကမ္ဘာရဲ့ ဟန်ချက်တစ်ခုကို ထိန်းထားနိုင်တဲ့ နိုင်ငံတစ်ခုဖြစ်တယ် လို့ ကျွန်တော်တော့ ယုံကြည်ပါတယ်၊ ကျွန်တော်မြင်ရတဲ့ မြင်ကွင်းတွေကြည့်ရလို့ရှိရင် ရုရှားနိုင်ငံက တိုးတက်မှု ရှိတဲ့ နိုင်ငံတစ်ခုပါ၊ ရုရှားနိုင်ငံထူးခြားချက်က မြောက်ပိုင်းမှာ ရှိပြီးတော့ ရာသီဥတုအေးမြတဲ့ ဒေသတွေမှာရှိတဲ့ တိုင်းပြည်တစ်ခုဖြစ်တယ်၊ နောက်ကမ္ဘာ့အရှေ့နဲ့ အနောက်နဲ့ တည်ရှိနေတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်၊ ဒါကြောင့် ရုရှားနိုင်ငံဟာ ကမ္ဘာမှာ ဒီသဘာဝအနေအထားအရလည်း အရေးပါတဲ့ နိုင်ငံတစ်ခုဖြစ်တယ်လို့ ကျွန်တော်တော့ ရှုမြင် ပါတယ်၊ ဆက်လက်ပြီးတော့လည်း ရုရှားနိုင်ငံဟာ ကမ္ဘာရဲ့ အရေးပါတဲ့ ကဏ္ဍတွေမှာလည်း ရှိနေလိမ့်ဦးမယ်ဆိုတာ ကျွန်တော့်အနေနဲ့ အပြည့်အဝ ယုံကြည်ပါတယ်။

**မေး။ ။ အခုလိုမျိုး ရုရှားနိုင်ငံနဲ့ပတ်သက်ပြီးတော့ ပြောပြ လာတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်အနေ နဲ့လည်း မြန်မာနိုင်ငံကို အကြိမ်ပေါင်းမြောက်မြားစွာ ရောက်ဖူးပါတယ်၊ မြန်မာနိုင်ငံကလည်း အလွန်ကို သာယာလှပတဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အပြင် မြန်မာနိုင်ငံကို ပြည်ပခရီးသွားတွေက ပြီးခဲ့တဲ့နှစ်ကဆိုရင် ၁ သန်းကျော် ဝင်ရောက်တယ်လို့ကျွန်တော်တို့သိရှိရပါတယ်၊ အဆွေတော် ဝန်ကြီးချုပ်အနေနဲ့ မြန်မာနိုင်ငံကို အထူးသဖြင့် ရုရှား နိုင်ငံက ခရီးသွားတွေ အများဆုံးလာရောက်ဖို့အတွက်နဲ့ ပြီးလို့ရှိရင် ရုရှားနိုင်ငံသား ခရီးသွားတွေ မြန်မာနိုင်ငံရဲ့ အလှအပတွေနဲ့ သဘာဝအလှတရားတွေကို ထိတွေ့ ခံစားနိုင်ဖို့အတွက် ဘာတွေလုပ်သင့်လဲ၊ ဘယ်လိုအစီအမံ တွေ လုပ်သင့်တယ်လို့ ထင်ပါသလဲ၊ အကြမ်းဖျင်း ပြောပြ ပေးစေလိုပါတယ်။**

ဖြေ။ ။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကတော့ နိုင်ငံတကာက နိုင်ငံတိုင်း၊ နိုင်ငံတိုင်း စိတ်ဝင်စားတဲ့ လုပ်ငန်းရပ်ဖြစ်ပါ တယ်၊ သူကလည်း အဓိကဝင်ငွေရတဲ့ လုပ်ငန်းတစ်ခု ဖြစ်တာကိုး၊ မြန်မာနိုင်ငံမှာလည်း ထိုက်သင့်တဲ့ ကမ္ဘာလှည့် ခရီးသွားတွေလာကြပါတယ်၊ သို့သော်လည်းပဲ တိုင်းပြည်ရဲ့ အခြေအနေအရပေါ့လေ နိုင်ငံရေးအခြေအနေလည်း ပါ ပါတယ်၊ နိုင်ငံရေးအခြေအနေလုပ်တဲ့အခါမှာ လာသင့် လာထိုက်တဲ့ ပမာဏအထိမရခဲ့တာကို ကျွန်တော်တို့ တွေ့ပါတယ်၊ ရုရှားနိုင်ငံနဲ့ ပတ်သက်ရင်လည်း ရုရှား ခရီးသွားတွေ လာနိုင်ဖို့အတွက် ဒီဘက်မှာလည်း ကျွန်တော်တို့ ပြင်ဆင်မှုတွေ အများကြီးလုပ်ထားတာ တွေရှိတယ်၊ ဥပမာအားဖြင့် ဗီဇာကင်းလွတ်ခွင့်တွေပေး ထားတာ ကျွန်တော်တို့ရှိတယ်၊ နောက်လေယာဉ်တွေ တိုက်ရိုက်စီးနိုင်အောင် ရန်ကုန်–မန္တလေး–နေပြည်တော် တင်မကဘူး၊ တခြားနေရာတွေမှာ ရုရှားကလာတဲ့ ခရီးသွားလေယာဉ်တွေ တိုက်ရိုက်ဆင်းလို့ရအောင် လေယာဉ်ကွင်းတွေ ပြင်ဆင်တာတို့၊ ခရီးသွားလုပ်ငန်းတွေ၊

လမ်းတွေ ကျွန်တော်တို့ ပြင်ဆင်ပေးတာတို့ ဒါလည်း ကျွန်တော်လုပ်ထားတာရှိပါတယ်၊ မြန်မာနိုင်ငံမှာ လှေ့လာစရာနေရာတွေတော့ အများကြီးရှိပါတယ်၊ မြန်မာနိုင်ငံတောင်ပိုင်းကနေ မြောက်ပိုင်းအထိ လှေ့လာစရာနေရာတွေ အများကြီးရှိပါတယ်၊ အဲဒီတော့ ပြောရမယ်ဆိုလို့ရှိရင်တော့ မတူညီတဲ့ အသွင်အပြင်လက္ခဏာတွေ၊ ယဉ်ကျေးမှုတွေ၊ သဘာဝအလှတရားတွေပေါ့၊ ဒါတွေ ကျွန်တော်တို့ အများကြီးရှိပါတယ်၊ ဒါတွေ ကြည့်မယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ရပါတယ်၊ နောက်တစ်ခါ ကျွန်တော်တို့ရဲ့ အားသာချက်တစ်ခုက ဘာလဲဆိုတော့ စောစောက ကျွန်တော်ပြောခဲ့တဲ့ ရုရှားနိုင်ငံမှာ သွားရောက်ပညာသင်ခဲ့တဲ့ မြန်မာ ကျွန်တော်တို့အရာရှိတွေ အများကြီးရှိပါတယ်၊ သူတို့ကနေ ပြန့်ပွားလာတဲ့အသိတွေ၊ အသိတွေက ရုရှားနိုင်ငံပေါ်မှာ ယုံကြည်မှု၊ ခင်တွယ်မှုပေါ့၊ ဒါတွေလည်း အများကြီးရှိတာပေါ့၊ ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး နားလည်တဲ့သူတွေ တော်တော်များများရှိတဲ့အတွက်ကြောင့် ဒါတွေက မြန်မာနိုင်ငံနဲ့ ရုရှားနှစ်နိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးမှာလည်း များစွာအထောက်အကူပြုမယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်၊ တစ်ဖက်ကလည်း ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက်လည်း ရုရှားခရီးသွားအဖွဲ့နဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအနေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေလည်း ကျွန်တော်တို့လုပ်နေသလို မြန်မာနိုင်ငံကနေပြီးတော့ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကနေ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံကို တစ်ပတ်ကိုနှစ်ကြိမ် ကျွန်တော်တို့ ခရီးသွားလုပ်ငန်း လေယာဉ်ခရီးစဉ်ဆွဲနေတာရှိပါတယ်၊ ခရီးသွားလုပ်ငန်းတွေ များလာတာနဲ့အမျှ လေယာဉ်ခရီးစဉ်များတိုးချဲ့ပြီး ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

**မေး ။ ။ ပြည့်ပြည့်စုံစုံရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမှာ ရန်ကုန်–မန္တလေး–နေပြည်တော်နဲ့ တခြားနေရာတွေက မြို့တွေ ရောက်ခဲ့ပါတယ်၊ ဒါနဲ့ ပတ်သက်ပြီးတော့ အဆွေတော်ဝန်ကြီးချုပ်ကို မေးချင်တာက ရုရှားနိုင်ငံက နိုင်ငံခြားခရီးသွားတွေအတွက် မြန်မာနိုင်ငံရဲ့ ဘယ်နေရာတွေကို သွားရောက်လည်ပတ်သင့်တယ်ဆိုတာကို အကြံပြုပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော် အခုနပြောတာပေါ့နော်၊ မြန်မာနိုင်ငံရဲ့ တောင်ဘက်ကနေပြီးတော့ မြောက်ဘက်အထိ ကျွန်တော်တို့ ကြည့်မယ်ဆိုရင် မတူညီတဲ့ဒေသတွေ၊ အသွင်အပြင်လက္ခဏာတွေ အများကြီးရှိတယ်၊ တောင်ဘက်ဆိုရင် ပင်လယ်ကမ်းရိုးတန်းဒေသတွေ များစွာရှိတယ်၊ အဲဒီမှာ ထင်ရှားတာကတော့ ငပလီတို့၊ ရောဝတီတိုင်းမှာရှိတယ်ပေါ့နော်၊ ပင်လယ်ကမ်းခြေတွေရှိပါတယ်၊ နောက်တစ်ခုကတော့ မြန်မာပြည်ဟာ အလယ်ပိုင်းသွားလို့ရှိရင်တော့ ယဉ်ကျေးမှုနဲ့ပတ်သက်တဲ့ ရှေးဟောင်းမြို့တော်တွေ စေတီပုထိုးတွေလည်း များစွာရှိတယ်၊ မြောက်ပိုင်းတက်သွားရင်တော့ မြင့်မားတဲ့တောင်တန်းကြီးတွေ၊ အေးမြတဲ့ရာသီဥတုတွေနဲ့ ကျွန်တော်တို့ တွေ့ရတာတွေရှိတယ်၊ ဒါကတော့ မြေအနေအထားအရတွေ့ရတဲ့ အနေအထားမျိုးပေါ့၊ ယဉ်ကျေးမှုနဲ့ပတ်သက်တာတွေ၊ ကျွန်တော်တို့ ရာသီဥတုနဲ့ပတ်သက်တာတွေ၊ ကွဲပြားခြားနားမှုတွေ များစွာရှိတယ်၊ ကျွန်တော်တို့ ဒါလေးရှိတယ်၊ ဥပမာအားဖြင့် တောင်ပိုင်းမှာဆိုရင် မိုးများတာပေါ့၊ အလယ်ပိုင်းဆို နေတော်တော်လေးပူတယ်၊ မြောက်ပိုင်းဆိုရင်တော့ အေးမြရာသီဥတုရှိတယ်၊ နောက်တစ်ခါ အဲဒီဒေသတွေမှာပဲ၊ ဥပမာအားဖြင့် အင်းလေးကန်လိုဟာမျိုး ယဉ်ကျေးမှုအမွေအနှစ်တွေ ကျွန်တော်တို့ရှိတယ်၊ ကမ္ဘာမှာရှားပါးတဲ့ဟာ အဲဒီနေရာမှာဆိုလို့ရှိရင် ကျွန်တော်တို့က ခြေထောက်နဲ့ လှေကိုလှော်တဲ့ဟာပေါ့၊ ကမ္ဘာမှာ တစ်နေရာပဲရှိတယ်၊ အင်းလေးကန်မှာ၊ ကျွန်တော်တို့ရှိတယ်၊ ဒါပေမယ့် လှေ့လာမယ်ဆိုရင် ကြည့်လို့ရတာတွေ ကျွန်တော်တို့ရှိပါတယ်၊ စောစောက အဆွေတော်ပြောတဲ့ ရန်ကုန်တို့၊ နေပြည်တော်တို့ ဒီမှာလည်း အထင်ကရထင်ရှားတဲ့ ဘုရားကြီးတွေရှိသလို အခုနေပြည်တော်မှာ နောက်ဆုံးတည်ခဲ့တဲ့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးရှိတယ်၊ ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံး ကျောက်ဆစ်ရုပ်ပွားတော်ကြီးဖြစ်ပါတယ်၊ အလေးချိန်အကြီးမားဆုံး စံချိန်ချိုးထားတဲ့ဟာပေါ့၊ ဒါတွေက ရုရှားနိုင်ငံက ခရီးသွားလာချင်တဲ့ဧည့်သည်များလာပြီး ကြည့်ရှုမယ်ဆိုရင်လည်း လှေ့လာဖွယ်ရာကောင်းတဲ့နေရာတစ်ခုလို့ ကျွန်တော်ပြောချင်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံတောင်ပိုင်းနဲ့ပတ်သက်လို့ ပြောသွားတာ ကျွန်တော်ကြားသိရပါတယ်၊ အဲဒီနေရာမှာ**

**အဆွေတော်ရဲ့ မွေးရပ်မြေ ထားဝယ်မြို့ ရှိတယ်လို့ သိရှိရပါတယ်၊ ထားဝယ်မြို့အနေနဲ့ ဘယ်လိုမျိုး ထူးခြားမှုမျိုးရှိပါသလဲ၊ ဘယ်လိုမျိုး လုပမှုမျိုး ရှိပါသလဲ။**

ဖြေ ။ ။ တောင်ပိုင်းဒေသမှာပေါ့ တောင်ပိုင်းဒေသမှာတော့ ကျွန်းတွေ အများကြီးရှိတယ်၊ ကျွန်းတွေရဲ့ သဘာဝအလှတွေ၊ ရေအောက်သဘာဝအလှတွေ အများကြီးရှိပါတယ်၊ အဲဒါတွေကြည့်မယ်ဆို ကျွန်တော်တို့ကြည့်လို့ရပါတယ်၊ နောက်ပင်လယ်ကမ်းခြေပေါ့၊ ထားဝယ်ဒေသမှာဆို မောင်းမကန်ပင်လယ်ကမ်းခြေက နာမည်ကြီးပါတယ်၊ နောက်တစ်ခါ အနာဂတ်အတွက် အမြော်အမြင်ရှိတာကတော့ ဘာလဲဆိုတော့ Deep Sea Port ပင်လယ်ရေနက်ဆိပ်ကမ်းတစ်ခု လုပ်လို့ရတဲ့ အနေအထားရှိတယ်၊ အဲဒါကတော့ တန်ချိန် နှစ်သိန်းနဲ့အထက် သင်္ဘောတွေ၊ ကျွန်တော်တို့ရပ်နိုင်တဲ့ ဆိပ်ကမ်းတစ်ခု ကျွန်တော်တို့ လုပ်နေတာရှိပါတယ်၊ အဲဒါလည်း ရုရှားနိုင်ငံနဲ့ ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်၊ ဒါကတော့ တောင်ပိုင်းဒေသမှာ တွေ့ရတာ၊ တစ်အချက်ကတော့ ကျွန်တော်တို့မှာ ကျွန်းတွေရှိတယ်၊ နောက်တစ်ခါ ပင်လယ်ကမ်းခြေရှိတယ်၊ နောက်–အဲဒီမှာလည်း ပုလဲထုတ်လုပ်မှုလုပ်ငန်းတွေရှိတယ်၊ ကမ္ဘာမှာ အကောင်းဆုံးဆိုတဲ့ ပုလဲတွေ အဲဒီဒေသမှာ ထွက်တယ်၊ နှစ်စဉ်နှစ်တိုင်းလည်း ကျွန်တော်တို့ ဒီပုလဲရောင်းချပွဲတွေ ကျွန်တော်တို့ လုပ်ပါတယ်၊ ကမ္ဘာမှာ အကောင်းဆုံး ကျွန်တော်ပြောလို့ပြောတာမဟုတ်ဘူး၊ ကျွန်တော်တို့မြန်မာနိုင်ငံကထွက်တဲ့ ပုလဲကတော့ ကမ္ဘာမှာ အကောင်းဆုံး အဆင့်ရှိတဲ့ ပုလဲတွေ၊ သဘာဝပုလဲပေါ့၊ မွေးပုလဲတွေ ကျွန်တော်တို့ ရှိပါတယ်၊ နောက်တစ်ခါ ရေအောက်သယံဇာတ လုပ်ငန်းတွေအနေနဲ့ ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ကြည့်စရာတွေ အများကြီးရှိတယ်၊ အဲဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ခင်ဗျားကိုလည်း ကျွန်တော် Documentary တစ်ခု ကျွန်တော်ပေးလိုက်ပါမယ်။

**မေး ။ ။ အခုလိုမျိုး အဆွေတော်ဝန်ကြီးချုပ်အနေနဲ့ နိုင်ငံရဲ့ ခေါင်းဆောင်ဖြစ်တဲ့အတွက် အချိန်တွေအများကြီးပေးပြီးတော့ နိုင်ငံရဲ့တာဝန်တွေကို ထမ်းဆောင်နေရတာ ဖြစ်ပါတယ်၊ ဒါပေမယ့်လည်း လူတိုင်းမှာတော့ အားလပ်ချိန်ဆိုတာ ရှိရမယ်လို့ ယုံကြည်ပါတယ်၊ ခုနက ကျွန်တော်တို့ ဝင်ရောက်တွေ့ဆုံနှုတ်ဆက်စဉ် ကျွန်တော့်ကို လက်ဆွဲတဲ့အချိန်မှာ အဆွေတော်ရဲ့ အင်အားသန်မာမှုကို ကျွန်တော် ခံစားမိပါတယ်၊ နောက်ပြီးတော့ အဆွေတော်ရဲ့ အားကစားဝတ်စုံနဲ့ ဓာတ်ပုံတွေလည်း ကျွန်တော်မြင်ဖူးပါတယ်၊ ဒါကြောင့် ကျွန်တော် သိချင်တာက အဆွေတော်အနေနဲ့ အားလပ်ချိန်တွေမှာ ဘယ်လိုမျိုးအကျိုးရှိအောင် အသုံးချလဲဆိုတာ ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရော တာဝန်ယူထားတဲ့အတွက်ကြောင့် အားလပ်ချိန်တော့ ကျွန်တော်နည်းတာတော့အမှန်ပါပဲ၊ သို့သော်လည်းပဲ ကျွန်တော် ကျန်းမာရေးတော့ ဂရုစိုက်ရတာပေါ့၊ နေ့စဉ်နဲ့ဆိုရင်တော့ မနက်ပိုင်း ကျွန်တော်လမ်းလျှောက်တာ ကျွန်တော်လုပ်ပါတယ်၊ အချိန်ပေးနိုင်တယ်ဆိုရင် ကျွန်တော် စနေ၊ တနင်္ဂနွေဆိုရင် ဂေါက်ရိုက်တယ်၊ ဂေါက်လည်းကစားပါတယ်၊ နောက်တစ်ခါ ကျွန်တော် စာဖတ်တာပေါ့၊ စာဖတ်တယ်၊ ရတဲ့အချိန်လေးမှာ အကြောင်းအရာတစ်ခုရရ၊ နှစ်ခုရရ ကျွန်တော်ကြိုးစားပြီးတော့ ဖတ်ပါတယ်၊ ၁၀ မိနစ်၊ ၁၅ မိနစ်၊ နာရီဝက် စသည်ဖြင့် ဒီလိုအချိန်လေးတွေယူပါတယ်၊ နောက်တစ်ခုက ဘာလဲဆိုတော့ ကြည့်သင့်ကြည့်ထိုက်တဲ့ လေ့လာသင့်တဲ့ဟာတွေ ကျွန်တော်ကြည့်ပြီး မှတ်ချက်တွေ မှတ်တာပေါ့၊ အဲဒါတွေနဲ့ ကျွန်တော့်ရဲ့ အသိပညာရအောင်လည်း ကြိုးစားတာတွေရှိပါတယ်၊ ခုနက အားကစားမှာ လမ်းလျှောက်တာတို့၊ ဂေါက်ရိုက်တာတို့ ကျွန်တော်လုပ်ပါတယ်၊ စိတ်လက်လန်းဆန်းမှု ကျွန်တော်တို့ ဖြစ်တာပေါ့၊ နေ့စဉ်နဲ့အမျှတော့ ကျွန်တော် တတ်နိုင်သလောက်ကြိုးစားလုပ်ပါတယ်၊ နောက်တစ်ခုကတော့ ရတဲ့အချိန်လေးမှာ မိသားစုနဲ့ရအောင် တွေ့ဆုံပြီးတော့မှ နွေးထွေးတဲ့ဆက်ဆံမှုရအောင် အမြဲတမ်းကြိုးစားတယ်။

**မေး ။ ။ အဆွေတော်အနေနဲ့ ဒါမိသားစုနဲ့ နွေးနွေးထွေးထွေး အချိန်ပေးဆက်ဆံတယ်ဆိုတဲ့အကြောင်းကို သိရပြီးတဲ့နောက်မှာ ကျွန်တော်တို့ နောက်ထပ်မေးခွန်းကတော့ အဆွေတော်ဟာ ခင်ပွန်းကောင်းတစ်ယောက်လည်းဖြစ်သလို ဖခင်ကောင်းတစ်ယောက်လည်းဖြစ်တယ်လို့ သိရှိရပါတယ်၊ မိမိရဲ့သားသမီးကို အဆွေတော်အနေနဲ့ ဘဝမှာ ဘယ်လိုသင်ခန်းစာတွေက အရေးကြီးလဲ၊ ဘယ်ဟာမျိုးတွေကို လက်ဆင့်ကမ်းအမွေပေးမလဲဆိုတာလေးကို အကျဉ်းရုံး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ အရေးကြီးတာကတော့ ကလေးတွေ၊ မိသားစု

တွေကိုပေါ့၊ သားသမီးတွေကတော့ အသိပညာ၊ အတတ်ပညာရှိပြီးတော့ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်တဲ့ လူတွေဖြစ်ဖို့လိုတယ်၊ ဒါ သူ့ရဲ့ တစ်ဦးချင်းရဲ့ ကာရိုက်တာပေါ့၊ နောက်တစ်ခုကတော့ စိတ်နေစိတ်ထားတွေပေါ့၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာရှိတယ်၊ မကောင်းမှုရှောင် ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားပေါ့။ ဒါလေး ကျွန်တော်တို့ ပြောကြတာပေါ့၊ မကောင်းတဲ့ဟာတွေ မလုပ်နဲ့ ကောင်းတဲ့ဟာတွေ လုပ်ပေါ့၊ စိတ်ကိုသန့်သန့်ရှင်းရှင်းထားပေါ့၊ ဒါတွေမိသားစုမှာ အမြဲတမ်းရှိအောင် ကျွန်တော့် သားသမီးတွေပေါ့၊ ဒါတွေ အမြဲတမ်းဆုံးမပေးတာလည်းရှိပါတယ်၊ သူတို့ကတော့ ကျွန်တော်က နိုင်ငံ့ဝန်ထမ်းဖြစ်တဲ့အတွက်ကြောင့် တပ်မတော်သားဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က နယ်တွေသွားနေရတာတွေရှိတာပေါ့၊ အပြင်သွားနေရတာ ရှိတာပေါ့၊ မိသားစုနဲ့အနီးကပ်နေဖို့ဆိုတာ အချိန်ကတော့ သိပ်တော့ မရှိခဲ့ဘူး၊ သူတို့ကတော့ ကိုယ့်ပညာကိုယ်ကြိုးစား၊ သို့သော် အမေကနေ ထိန်းပေးထားတာဆိုတော့ အမေက ထိန်းပေးထားတာရှိတယ်၊ နောက်တစ်ခုကတော့ ရိုးရိုးသားသား လုပ်ကိုင်စားသောက်ခြင်းပေါ့၊ ဒီစိတ်ဓာတ်ကို ကျွန်တော်က လုပ်ထားတယ်၊ နောက်တစ်ခုကတော့ သူတို့ရဲ့ အသိပညာဆိုတာလည်း အတွေ့အကြုံကနေရတာ၊ အတွေ့အကြုံကနေပြီး အသိပညာပိုရှိအောင်လုပ်ကြတာပေါ့။ သူများအတွေ့အကြုံကို ရအောင်ယူရတာလည်းရှိတာပေါ့၊ ကိုယ့်အတွေ့အကြုံတင်မဟုတ်ဘဲ မိဘအတွေ့အကြုံနဲ့ မရသေးဘူး၊ မိဘပြောတဲ့ အတွေ့အကြုံနဲ့ မရဘူး၊ သူတို့ကနေ သူတို့ဆက်ဆံရတဲ့ လူတွေကနေပြီးတော့ အတွေ့အကြုံတွေရှိတယ်၊ ဒါတွေကို ထိတွေ့ဆက်ဆံခြင်းအားဖြင့် လေ့လာခြင်းအားဖြင့်ရတဲ့အတွေ့အကြုံ၊ သူတို့ရဲ့ ဘဝတိုးတက်ဖို့အတွက် အသုံးချနိုင်ဖို့အတွက် ဒါအမြဲတမ်းသူတို့ကိုလည်း ကျွန်တော်ပြောတာပေါ့၊ သူတို့ ဒါတွေနဲ့ ထိန်းသိမ်းဆောင်ရွက်လျက်ရှိတာကိုလည်း ကျွန်တော်တွေ့ပါတယ်။

**မေး ။ ။ ခုနက အဆွေတော် ဗုဒ္ဓနဲ့ပတ်သက်တဲ့အကြောင်းကိုပြောသွားတဲ့အတွက် ကျွန်တော် ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးချင်ပါတယ်၊ ကျွန်တော်သိသလောက်တော့ မြန်မာနိုင်ငံမှာနေထိုင်တဲ့ လူအများစုက ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါတယ်၊ အဲဒီလိုပဲ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာရဲ့ သာသနာတော်ဟာ စည်ပင်ထွန်းကားနေတာကို တွေ့ရှိရပါတယ်၊ အခုကျွန်တော်တို့ ရန်ကုန်မြို့မှာရှိတဲ့ အထင်ကရဖြစ်တဲ့ ရွှေတိဂုံစေတီတော်ကြီးဟာ ဗုဒ္ဓဘာသာတွေရဲ့ အထွတ်အမြတ်ထားတဲ့နေရာတစ်ခုပဲဖြစ်ပါတယ်၊ ရွှေတိဂုံစေတီတော်ကြီးကို အခေါက်ပေါင်းများစွာသွားပြီးတော့ ကျွန်တော်ကိုယ်တိုင်လည်း ဖူးမြော်ကြည်ညိုပါတယ်၊ ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်သိချင်တာကတော့ အဆွေတော်ရဲ့ ဗုဒ္ဓဘာသာအပေါ်ထားတဲ့ စိတ်နေစိတ်ထားနဲ့ ခံယူချက်ကို အနည်းငယ် ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကမ္ဘာမှာတော့ ကိုးကွယ်တဲ့ဘာသာတွေ အများကြီးရှိပါတယ်၊ ဗုဒ္ဓဘာသာအပြင် ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာစသည်ဖြင့်ရှိတာပေါ့၊ ဒီကိုးကွယ်ရာ ဘာသာအလိုက် တူညီတဲ့အကြောင်းအရာအချက်တွေမှာလည်း တည်ငြိမ်အေးချမ်း၊ ငြိမ်းချမ်းရေးပေါ့၊ တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးကိုပဲ ဦးတည်ပြီးသွားကြတာတွေ့တယ်၊ သို့သော် ကျွန်တော်တို့ ဗုဒ္ဓမြတ်စွာဘုရားဟောတဲ့ တရားထဲမှာတော့ ထူးခြားတာတစ်ခုရှိတယ်၊ အဲဒါကတော့ ဓမ္မနဲ့ပတ်သက်ပြီး ပြောပြတာရှိပါတယ်၊ ဓမ္မ၊ ဓမ္မဆိုတာကတော့ သီလ၊ သမာဓိ၊ ပညာလို့ ကျွန်တော်တို့ပြောတာပေါ့၊ တခြားဘာသာတွေမှာ ကျွန်တော်တို့ မတွေ့ဘူး၊ သို့သော် မြတ်စွာဘုရားဟောတဲ့ အထဲမှာ ဓမ္မဆိုတဲ့ တရားလေးတစ်ခုရှိတယ်၊ တစ်အချက်ကတော့ သီလဆိုတာတော့ ကိုယ်/နှုတ်ပေါ့၊ ကိုယ်နဲ့နှုတ်နဲ့၊ နှုတ်ကနေ ကြမ်းတမ်းတဲ့ စကားပြောတာတို့၊ အမူအရာအားဖြင့် လုပ်တာတွေကို ကျွန်တော်တို့ မလုပ်ဖို့ မြတ်စွာဘုရားကနေပြီးတော့ သီလနဲ့နေကြဖို့ဆိုတာ ကျွန်တော်တို့ပြောတာပါ၊ သမာဓိ-သမာဓိဆိုတာ စိတ်နဲ့ပတ်သက်တာ၊ ကောင်းတဲ့စိတ်ကိုမွေးတာ၊ မကောင်းတဲ့အကြံအစည်ဘာမှမလုပ်နဲ့၊ ကောင်းတဲ့အကြံအစည်ပဲလုပ်ပြီး စိတ်ကိုဖြူစင်တဲ့စိတ်ကိုထားပေါ့၊ သီလ၊ သမာဓိရယ် မြတ်စွာဘုရားက ဟောခဲ့တာပေါ့၊ ပညာနဲ့ပတ်သက်လို့ ပညာဆိုတာကတော့ နက်ရှိုင်းစွာသိအောင် ဆောင်ရွက်ခြင်းပါပဲ၊ နက်ရှိုင်းစွာသိတဲ့သူတွေက ပညာရှင်တွေဖြစ်ကြတယ်၊ ပညာတတ်တယ်ဆိုတာ ပညာတတ်တဲ့ အတိမ်အနက်အပေါ်မူတည်ပြီးတော့ သူသည် ပညာရှင်အဆင့်ထိဖြစ်လာကြတာ။ ဒါ့ကြောင့် ဒီသုံးချက်ကတော့ ဗုဒ္ဓဘာသာ-

ဗုဒ္ဓမြတ်စွာဘုရားရဲ့ ထူးခြားတဲ့တရားတော်ထဲမှာ ပါတာပေါ့၊ ဒါကြောင့် ဒီအဆုံးအမတွေကတော့ ကျွန်တော်ထင်တယ်၊ ဘယ်လူမျိုးမဆိုပေါ့၊ လိုက်နာသင့်တဲ့တရားလို့ ကျွန်တော်တော့ ယူဆပါတယ်၊ ဒါကြောင့် ဒီထူးခြားတာလေးကတော့ ဗုဒ္ဓဘာသာအပိုင်းက ကျွန်တော်တို့အနေနဲ့ကတော့ တန်ဖိုးအင်မတန်ထားပါတယ်၊ ဗုဒ္ဓဟောတဲ့အထဲမှာ အမြင့်ဆုံးလို့ ကျွန်တော်တို့ ယူဆပါတယ်။

**မေး ။ ။ အခုလိုမျိုး ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး ရှင်းပြပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ အခုဆိုရင် ကျွန်တော်မသိသေးတဲ့အကြောင်းအရာတွေ သိရှိသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ အင်တာဗျူး အစီအစဉ်ရဲ့ အမည်ကတော့ Formula of Power ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွန်ခဲ့တဲ့ ၂၅ နှစ်ကနေ နိုင်ငံတိုင်းမှာရှိတဲ့ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ အဓိကကျတဲ့သံဃာတွေ ဘုန်းကြီးတွေနဲ့ပတ်သက်ပြီး အင်တာဗျူးတွေ အများကြီးလုပ်ခဲ့ပါတယ်။ လုပ်ခဲ့တဲ့ အင်တာဗျူးပေါင်းကလည်း ၄၀၀ ကျော်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ အစဉ်အလာအရ မေးခွန်းအနေနဲ့ မေးချင်တာကတော့ အဆွေတော်ဝန်ကြီးချုပ် Power ကို ဘယ်လိုမျိုး အဓိပ္ပာယ်ဖွင့်ပါသလဲ။ Power နဲ့ပတ်သက်ပြီး အဆွေတော်ဝန်ကြီးချုပ်ရဲ့အမြင် သိချင်ပါတယ်။**

ဖြေ ။ ။ Power ဆိုတာက အင်အားတစ်ခုကို တည်ဆောက်တာ၊ အင်အားတစ်ခုရှိအောင် လုပ်တာပေါ့၊ ဟိုးရှေးခေတ်ကတည်းက ကြည့်လို့ရှိရင်လည်း အင်အားနည်းတဲ့သူတွေက တစ်ဖက်လူကို လာလွှမ်းမိုးနိုင်အောင် အင်အားတည်ဆောက်ရင်း တည်ဆောက်ရင်းနဲ့ တစ်ဦးချင်းကနေ အုပ်စုလိုက်တွေ၊ အုပ်စုလိုက်ကနေပြီးတော့ နိုင်ငံအလိုက်တွေ၊ ဒေသလိုက်တွေ ဒီလိုဖြစ်လာခဲ့တာတွေရှိတယ်။ ဒါကတော့ အင်အားတည်ဆောက်ခြင်းရဲ့အပိုင်းပဲ၊ အင်အားမှာလည်း ကျွန်တော့် အမြင်လေးတစ်ခုရှိတယ်။ အဲဒါ အင်အားဆိုတာမှာ ဘယ်ဟာကိုအင်အားလို့ ကျွန်တော်တို့ ပြောတာလဲ။ နိုင်ငံရေးအင်အားလား၊ စီးပွားရေးအင်အားလား၊ ဒါမှမဟုတ်လို့ရှိရင် သူ့ရဲ့ကာကွယ်ရေးအင်အားလား စွမ်းအားတွေပေါ့၊ အင်အား-စွမ်းအားအတူတူပါပဲ။ နိုင်ငံရေးအင်အားဆိုတာကတော့ အတွင်းထဲမှာရှိတဲ့ အားတွေကို ကျွန်တော်တို့ ဆိုလိုတာပေါ့၊ နိုင်ငံအားကောင်းရင် အဲဒီတိုင်းပြည်ကတော့ စည်းလုံးညီညွတ်တဲ့ တိုင်းပြည်အင်အားခိုင်မာမှုရှိတယ်ဆိုတာ ဖော်ပြတယ်၊ နိုင်ငံရေးအား၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ နိုင်ငံရေးသဘောထားတွေ တူညီမှုရှိမှာမဟုတ်တဲ့အတွက်ကြောင့် အပြည့်အဝတော့ရမှာမဟုတ်ဘူး၊ သို့သော် ပြည်တွင်းမှာဆို နိုင်ငံရဲ့ အင်အားက တူညီတဲ့သဘောထားရှိတဲ့အတွက် နိုင်ငံရေးအင်အားတောင့်တင်းမှုတွေရှိတယ်။ နောက်တစ်ခုကတော့ စီးပွားရေး၊ စီးပွားရေးအားကောင်းတယ်ဆိုရင် သူကတော့ ချမ်းသာတယ်လို့ ပြောကြတယ်။ ချမ်းသာလို့ရှိရင်တော့ သူ့ရဲ့ တစ်ဦးချင်းမှာလည်း ချမ်းသာတယ်လို့ဆိုရင် သူ့ရဲ့ Power ကို ရအောင် သူအသုံးချနိုင်တယ်၊ ငွေကြေးအသုံးချနိုင်တာရှိတယ်။ ဒေသတွင်းဆို ဒေသတွင်းအလျောက်၊ နိုင်ငံဆို နိုင်ငံအလျောက်ပေါ့၊ နိုင်ငံတစ်နိုင်ငံကလည်း ငွေကြေးချမ်းသာတယ်ဆိုလို့ရှိရင် သူ့ရဲ့အင်အားကိုအသုံးချနိုင်တာကျွန်တော်တွေ့တယ်၊ဒီလိုပဲကာကွယ်ရေးအင်အားဆိုလို့ရှိရင် စစ်ရေးအင်အားတောင့်တင်းလို့ရှိရင် ဥပမာအားဖြင့် အဖွဲ့အစည်းတစ်ခုက လက်နက်၊ ခဲယမ်းမီးကျောက် အင်အားတောင့်တင်းတယ်ဆိုရင် ကျန်တဲ့အဖွဲ့တွေက သူ့ကိုမထိရဲဘူး၊ မလုပ်ရဲဘူး ဒါကသဘာဝပဲ၊ အဲဒီတော့ နိုင်ငံတစ်ခုကလည်း ကာကွယ်ရေးအင်အား၊ စွမ်းအားတောင့်နေလို့ရှိရင် ဒေသတွင်းမှာတော့ သူသည် အာဏာရှိတယ်။ ကမ္ဘာမှာကြည့်လိုက်ပါ၊ ကမ္ဘာမှာကြည့်လို့ရှိရင် ငွေကြေးချမ်းသာတဲ့ တိုင်းပြည်တွေဟာလည်း ငွေကြေးအင်အားနည်းပါးတဲ့ တိုင်းပြည်တွေကို ဩဇာလွှမ်းမိုးမှုရှိတယ်။ ဒီလိုပဲ စစ်ရေးအင်အားတောင့်တင်းတဲ့ တိုင်းပြည်တွေကလည်း စစ်ရေးအင်အားနဲ့ တခြားနိုင်ငံတွေကို ဖိအားပေးနိုင်တယ်။ ဒါကြောင့် ဒါဒီသုံးခုကတော့ ကျွန်တော်တို့အနေနဲ့ ဒီအားသုံးခုကို အားနဲ့ပတ်သက်ပြီးတော့ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေဖြစ်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒ့ါကြောင့် နိုင်ငံတစ်ခု အင်အားရှိချင်ရင် လူတစ်ယောက် အားရှိပြီဆိုရင်တော့ ကိုယ့်ကိုယ်ကိုယ် အားရှိအောင်လုပ်ဖို့၊ ကိုယ့်အားက ဘာလဲ၊ ကိုယ့်အားကို ဘယ်လိုလုပ်မလဲ၊ ဘယ်လိုတည်ဆောက်မလဲ ဒီလိုသွားရမှာဖြစ်တယ်။

**(ရှရှား)** ။ ။ ကျေးဇူးအများကြီးတင်ပါတယ်၊ အခုလိုမျိုး ဆွေးနွေးပေးတဲ့အတွက်၊ အခုလိုမျိုး ဖြေကြားပေးတဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။

**(ဝန်ကြီးချုပ်)** ။ ။ ကောင်းပါပြီ ကောင်းပါပြီ။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၄)တွင် ပြောကြားသည့် အမှာစကား

( ၂၅ - ၃ - ၂၀၂၄ )





ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၄)ကို မတ်လ(၂၅)ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)နှင့်ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)တို့ကို ယခင်အပတ်က ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ပြန်လည်သုံးသပ်ရန်နှင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးပြောကြားရန်ဖြစ်ကြောင်း။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် မိမိအနေဖြင့် တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်အောင်ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပြီး ပိုလျှံသည်များကို ပြည်ပပို့ကုန်များအဖြစ် တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်ပို့ဆောင်နိုင်ရေးနှင့် လိုအပ်သည့် ကုန်ပစ္စည်းများ တင်သွင်းနိုင်ရေး နယ်စပ်ကုန်သွယ်ရေးကို တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း။

ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးကဏ္ဍ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ပြီး အဆိုပါလုပ်ငန်းများကိုအခြေခံ၍ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ တိုးတက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များရှိမှသာ စက်ရုံ၊ အလုပ်ရုံများ လည်ပတ်နိုင်ပြီး ဘဏ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများပါ လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေး

ကဏ္ဍကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်နိုင်ရေး တွန်းအားပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုစွမ်းအားများ မြင့်တက်လာမှသာ နိုင်ငံ၏ GDP လည်း တိုးတက်လာမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး စနစ်တကျစိုက်ပျိုးပြီး အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူသီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ပြီးခဲ့သည့်ကာလအတွင်း ဒေသအချို့၌ လက်နက်ကိုင်အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် စိုက်ပျိုးထုတ်လုပ်မှုများ ထိခိုက်ခဲ့ရပြီး ဒေသကုန်ထုတ်လုပ်မှုများကို ထိခိုက်စေခဲ့ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဒေသအလိုက် ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍လည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လျော့နည်းကျဆင်းလာသည်ကိုတွေ့ရသဖြင့် ပြန်လည်တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှသာ စက်မှုလုပ်ငန်းများနှင့် MSME လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမကဘဲ ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်သည့် အရည်အသွေး ပြည့်မီသော အဆင့်မီထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့အား ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း၊ ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း တွေ့ကြုံခဲ့ရသည့် အားနည်းချက်များကို သင်ခန်းစာဖော်ထုတ်၍ လာမည့် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

> **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှသာ စက်မှုလုပ်ငန်းများနှင့် MSME လုပ်ငန်းများ တိုးတက်လာမည်ဖြစ်၊ MSME လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမကဘဲ ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်သည့် အရည်အသွေး ပြည့်မီသော အဆင့်မီထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ကြရန်လို။**

ယခုအခါ ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ ရောက်ရှိလာပြီဖြစ်သည့်အပြင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပိုမိုပူပြင်းလာပြီး ရေအခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ရေရှားပါးသည့် ဒေသများတွင် ရေပြတ်လတ်မှု မရှိစေရေးနှင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိစေရေး ကြိုတင်တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း။

ဘဏ္ဍာငွေနှင့်ပတ်သက်၍ မကြာမီရက်ပိုင်းအတွင်း သတ်မှတ်ကာလပြည့်မည်ဖြစ်ပြီး ပိုလျှံရန်ပုံငွေများကို ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍတို့တွင် အသုံးပြုနိုင်ရေး ခွင့်ပြုပေးထားသဖြင့် အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲများ ပြီးမြောက်ပြီဖြစ်ပြီး ကျောင်းအားလပ်ရက်ကာလသို့ ရောက်ရှိပြီဖြစ်သဖြင့် လူငယ်၊ လူရွယ်များ ပိတ်ရက်ကာလကို အကျိုးရှိရှိ အသုံးချနိုင်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လူငယ်နှင့်ပတ်သက်သည့် သင်တန်းများ၊ အမျိုးသားရေးစရိုက်လက္ခဏာကို တိုးမြင့်လာစေပြီး အသိပညာဗဟုသုတများ တိုးပွားလာစေနိုင်မည့် သင်တန်းများ၊ လှုပ်ရှားမှုများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထို့အတူ လာမည့်ကျောင်းဖွင့်ရာသီတွင် ကျောင်းများအားလုံး ပညာသင်ကြားရန် အဆင်သင့်ဖြစ်စေရေး၊ ကျောင်းဥပမိရပ်များ ကောင်းမွန်စေရေးအတွက်

လည်း လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန်လိုကြောင်းနှင့် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လာမည့် ပညာသင်နှစ်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများအားလုံး စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်ရေး မိမိတို့အနေဖြင့် ဖော်ဆောင်ပေးရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အထွေထွေဆွေးနွေးခြင်းအဖြစ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဝါစေ့ဆီကြိတ်စက်နှင့် ဝါကြိတ်စက်များ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုနှင့် ဝါသီးနှံမှတဆင့် စားသုံးဆီနှင့် အရည်အသွေးမီချည်မျှင်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဦးလှမိုးက တပ်ကုန်းမြို့၊ ပျဉ်းမနားမြို့နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဝါစိုက်တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးရန်လိုအပ်မှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အထွက်ကောင်းဝါမျိုးကောင်းမျိုးသန့်များအား စနစ်တကျပြောင်းလဲစိုက်ပျိုးသွားမည့် အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က ပြည်ပအလုပ်အကိုင် အကျိုးဆောင်အေဂျင်စီများအနေဖြင့် နိုင်ငံတော်သို့ အခွန်ပေးသွင်းနေမှုနှင့် ၎င်းအေဂျင်စီများမှတဆင့် ပြည်ပသို့ အလုပ်သမားများ စေလွှတ်ပေးနိုင်မှုအခြေအနေနှင့် ပြည်ပရှိ မြန်မာလုပ်သားများထံမှ အခွန်ကောက်ခံရရှိမှု အခြေအနေတို့ကိုလည်းကောင်း အသီးသီးဆွေးနွေး တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ပြောကြားရာတွင် ဝါကို မိုးနည်းသည့် နေရာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ ထို့ကြောင့် ဆိုလာဖြင့် လျှပ်စစ်ထုတ်လုပ်သည့်စနစ်ကို အသုံးပြု၍ ဝါသီးနှံကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ဝါစိုက်ပျိုးရာတွင် အရည်အသွေးမီဝါမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရန်လိုအပ်ကြောင်း၊ ပြည်ပသို့ ဝါကုန်ကြမ်းအစား ဝါဂွမ်းပို့ဆောင်နိုင်ပါက စီးပွားရေးအရ တွက်ချေကိုက်ကြောင်း၊ ထို့ကြောင့် ဝါဂွမ်းကိုတိုးတက်ထုတ်လုပ်ပြီး အဆင့်မီချည်ထည်များ ထုတ်လုပ်ပေးနိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မြန်မာစာရေးထုံးနှင့်ပတ်သက်၍ စနစ်ကျမှန်ကန်မှုရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့စာပေအား ထိန်းသိမ်းခြင်းကိုစနစ်တကျဆောင်ရွက်နေရန်လိုကြောင်း၊ သတင်းလုံခြုံမှုအတွက် Cyber Security နှင့် ပတ်သက်ပြီး အမြဲသတိပြုရန်လိုကြောင်း၊ မကြာမီကာလအတွင်း မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလသို့ ရောက်ရှိလာတော့မည် ဖြစ်ကြောင်း၊ ရိုးရာအစဉ်အလာနှင့်အညီ သင်္ကြန်ပွဲတော်ကို စိတ်အေးချမ်းသာစွာ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

■ ■ ■

# (၇၉) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

## ( ၂၇ - ၃ - ၂၀၂၄ )





**ရဲဘော်တို့**

ဒီနေ့ဟာ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းနဲ့အတူ နိုင်ငံတော်ရဲ့လိုအပ်ချက်၊ ပြည်သူတွေရဲ့ ကြိုးပမ်းချက်တွေနဲ့ ယှဉ်တွဲပေါ်ပေါက်လာတဲ့ တို့တပ်မတော်ရဲ့ (၇၉) နှစ်မြောက် တပ်မတော်နေ့ဖြစ်တယ်။ ဒါ့အပြင် တို့တပ်မတော်ဟာ တိုင်းရင်းသားပြည်သူတို့နဲ့ အတူလက်တွဲပြီး ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှာ အမျိုးသားရေးအားမာန်တွေနဲ့ ဖက်ဆစ်တော်လှန်ရေးကြီးတစ်ရပ်ကို အောင်မြင်စွာ စတင်ဆင်နွှဲခဲ့တာကြောင့် သမိုင်းမော်ကွန်းရေးထိုးနိုင်ခဲ့တဲ့ နေ့ထူးနေ့မြတ်လည်းဖြစ်တယ်။

**ရဲဘော်တို့**

ဆုံးရှုံးသွားတဲ့ နိုင်ငံ့လွတ်လပ်ရေးပြန်ရဖို့ နယ်ချဲ့အင်္ဂလိပ်တွေကို တိုက်ယူမှရမယ်လို့ ယုံကြည်တဲ့အတွက် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ရဲဘော်သုံးကျိပ်ဟာ ဂျပန်မှာ ခေတ်မီစစ်ပညာများ သင်ကြားခဲ့တယ်။ ဂျပန်တို့နဲ့ လက်တွဲပြီး နယ်ချဲ့အင်္ဂလိပ်တွေကို တိုက်ထုတ်ခဲ့သလို ဆိုးရွားလှတဲ့ ဂျပန်တို့ရဲ့အုပ်ချုပ်၊ ဆက်ဆံရေးတွေကြောင့် ပြည်သူတို့နဲ့အတူလက်တွဲပြီး ဖက်ဆစ်ဂျပန်ကို ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ကစပြီး ပြန်လည်တိုက်ထုတ်ခဲ့ရတယ်။ တို့တပ်မတော်ဟာ ပြည်သူနဲ့အတူလက်တွဲပြီး နိုင်ငံကို လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ပေးခဲ့သလို လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ပြန်လည်မဆုံးရှုံးစေဖို့အတွက် ပြည်သူရှေ့ကနေ မားမားမတ်မတ်ရပ်တည်ကာကွယ်ပေးခဲ့တယ်။ တို့နိုင်ငံကို နယ်ချဲ့ဗြိတိသျှတို့ရဲ့ သွေးခွဲသပ်လျှိုအုပ်ချုပ်ခဲ့မှု၊ ဒုတိယကမ္ဘာစစ်အတွင်း စစ်တလင်းဖြစ်ခဲ့ရတဲ့အတွက် စစ်ကျန်လက်နက်တွေ များပြားမှု၊ နိုင်ငံရေးအယူအဆ ကွဲပြားမှုတို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)အနေနဲ့ ၁၉၄၈ ခုနှစ်၊ မတ်လမှာ တောခိုခဲ့ရာကစပြီး **“ရောင်စုံသောင်းကျန်းသူများ”**လို့ ခေါ်ဆိုရတဲ့အထိ နိုင်ငံအနှံ့မှာ လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အစည်းအများအပြားပေါ်ပေါက်လာခဲ့တယ်။ ဒါပေမယ့်လည်း တို့တပ်မတော်အနေနဲ့ နိုင်ငံနဲ့အဝန်း စစ်ဆင်ရေးကြီး အမြောက်အမြားကို ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုကြီး မပြိုကွဲအောင် ကာကွယ်ထိန်းသိမ်းနိုင်ခဲ့တယ်။

**ရဲဘော်တို့**

တို့တပ်မတော်အနေနဲ့ အဲဒီလို ပြည်တွင်းရောင်စုံသောင်းကျန်းသူတွေကို နှိမ်နင်းခဲ့ရတဲ့အပြင် ရှမ်းပြည်နယ်မှာ တရုတ်ဖြူကူမင်တန်တွေရဲ့ ကျူးကျော်မှုနဲ့ ရခိုင်ပြည်နယ်မှာ မူဂျာဟစ်ကုလားဆိုးတွေရဲ့ သောင်းကျန်းမှုစတဲ့ပြည်ပကျူးကျော်မှုအန္တရာယ်များကိုလည်းအချုပ်အခြာ

အာဏာနဲ့ဆိုင်တဲ့ အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး စွန့်လွှတ်စွန့်စားတဲ့စိတ်နဲ့ ကာကွယ်နှိမ်နင်းခဲ့ရတယ်။ ဒါ့အပြင် ၁၉၆၂ ခုနှစ် ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်၊ ၁၉၈၈ ခုနှစ် ဆူပူမှုအရေးအခင်းမှာ အုပ်ချုပ်ရေးယန္တရား ပျက်ပြားမှုနဲ့ ၂၀၂၀ ပြည့်နှစ် နိုင်ငံတော်အာဏာကို အတင်းအဓမ္မ ရယူရန်ကြိုးပမ်းမှုစတဲ့ အန္တရာယ်ကြီးမားတဲ့ အရေးကိစ္စတွေ ကြုံတွေ့ခဲ့တဲ့အချိန်တွေမှာလည်း နိုင်ငံတော်အတွက် ရှေ့တန်းက မားမားမတ်မတ် ရပ်တည် ကာကွယ်ပေးခဲ့ရတယ်။ ဒါကြောင့် တို့တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူရဲ့ အကျိုးစီးပွားကို အစဉ်ရှေးရှုပြီး အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမယ့် ကိစ္စရပ်မှန်သမျှကို လွတ်လပ်ရေးကြိုးပမ်းမှု ကာလမှစပြီး ယနေ့အချိန်ထိ ကာကွယ်စောင့်ရှောက် ပေးခဲ့သလို အနာဂတ်ကာလတွေမှာလည်း ဆက်လက် ထိန်းသိမ်းကာကွယ်သွားမယ်ဆိုတာ အလေးအနက်ထား ပြောကြားလိုတယ်။

**ရဲဘော်တို့**

တို့နိုင်ငံဟာ လွတ်လပ်ရေးရရှိခဲ့ပြီးတဲ့နောက် ပါလီမန် ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပေမယ့်လည်း နိုင်ငံရေးပြဿနာတွေ၊ ပြည်ပက သွေးထိုးလှုံ့ဆော်မှုတွေ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ အားနည်းချက်တွေ၊ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ ပါတီတွင်း သဘောထား ကွဲလွဲမှုတွေကြောင့် တိုင်းပြည်စည်းလုံးညီညွတ်မှု ပျက်ပြားလာလို့ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိကာလ တွေမှာ တော်လှန်ရေးကောင်စီနဲ့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီတို့က ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ နိုင်ငံတော် တည်ဆောက်ရေးကို ဆောင်ရွက်ခဲ့ကြတယ်။ ဒါပေမယ့် ပြည်တွင်းပြည်ပက နည်းမျိုးစုံနဲ့ နှောင့်ယှက်ပိတ်ဆို့မှု၊ သဘာဝဘေးအန္တရာယ်တွေနဲ့ စီမံခန့်ခွဲရေးအားနည်းချက်၊ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် နိုင်ငံရဲ့စီးပွားရေး ကျဆင်းခဲ့ပြီး ၁၉၈၈ ခုနှစ်မှာ အရေးအခင်းများ ဖြစ်ပေါ် လာခဲ့တယ်။ အဲဒီအချိန်မှာ နိုင်ငံရဲ့အခြေအနေ ယိမ်းယိုင် လာခဲ့ပြီး အချုပ်အခြာအာဏာပြိုကွဲမယ့်အန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့လာရတာကြောင့် ၁၉၈၈ ခုနှစ်၊ စက်တင် ဘာလမှာ တို့တပ်မတော်က နိုင်ငံတော်တာဝန်ကိုဝင်ရောက် ထိန်းသိမ်းတာဝန် ယူခဲ့ရတယ်။ တို့တပ်မတော်က အဲဒီလို နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို ဝင်ရောက်ထိန်းသိမ်း ခဲ့ရတဲ့ နောက်ပိုင်းမှာ ပြည်သူလူထုရဲ့ဆန္ဒနဲ့အညီ ပါတီစုံ ဒီမိုကရေစီစနစ် တည်ဆောက်သွားနိုင်ရေး ဦးတည် ဆောင်ရွက်ခဲ့သလို ဒီမိုကရေစီစနစ် ကျင့်သုံးဖော်ဆောင် နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ခုရေးဆွဲကာ ၂၀၀၈ ခုနှစ်မှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုပြဋ္ဌာန်းပေးခဲ့တယ်။ အဲဒီ နောက် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလမှာ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက် ပွဲကို ကျင်းပပေးခဲ့ပြီး ဒီမိုကရေစီစနစ်ကို ညင်သာ ငြိမ်းချမ်းစွာ ကူးပြောင်းနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ တယ်။

**ရဲဘော်တို့**

နိုင်ငံတိုင်းရဲ့ တပ်မတော်တွေဟာ ဖွဲ့စည်းပုံတွေ၊ အင်အားတွေ၊ ရည်မှန်းချက်တွေ မတူညီကြပေမယ့် နိုင်ငံတော်ကာကွယ်ရေးအတွက်ဆိုတဲ့ ရည်ရွယ်ချက် ကတော့ အတူတူပဲဖြစ်ကြတယ်။ အဲဒီလိုပဲ နိုင်ငံတစ်ခုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာဟာလည်း တစ်နိုင်ငံနဲ့ တစ်နိုင်ငံ တူညီချင်မှတူညီနိုင်ပေမယ့် မိမိတို့နိုင်ငံရဲ့ ရေရှည်အကျိုးစီးပွားအတွက်သာ ဖြစ်သင့်ဖြစ်ထိုက်တာ တွေကို ဦးတည်ပြဋ္ဌာန်းကြတာပဲဖြစ်တယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ပေါ်ပေါက်လာပုံ၊ သမိုင်းကြောင်းနောက်ခံ အနေအထား၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေးနဲ့ အခြားအခြေခံအချက်အလက်တွေအပေါ် မူတည်ပြီး ရေးဆွဲပြဋ္ဌာန်းလေ့ရှိတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေဟာ ဘယ်နိုင်ငံကမှန်ပြီး ဘယ်နိုင်ငံကမှားတယ် လို့ ဆိုလို့မရဘဲ မိမိတို့နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွား အတွက်သာ ပဓာနပဲဖြစ်တယ်။

မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)မှာ တပ်မတော်ရဲ့ အခန်းကဏ္ဍများကို ထည့်သွင်းဖော်ပြထားခြင်းဟာ အတိတ်သမိုင်းစဉ်မှာ ကြုံတွေ့ခဲ့ရတဲ့ အားနည်းချက်တွေကို ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရေးအတွက် ပြဋ္ဌာန်းထား ရခြင်းပဲဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တပ်မတော် ရဲ့ အခန်းကဏ္ဍမှာပါတဲ့ ပြဋ္ဌာန်းချက် အပိုဒ်တွေဟာ တပ်မတော်အတွက် ပြဋ္ဌာန်းထားတာမဟုတ်ဘဲ နိုင်ငံတော် အကျိုးကို မျှော်ကိုးပြီး ထည့်သွင်းပြဋ္ဌာန်းထားခြင်းသာ ဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

၂၀၂၀ ပြည့်နှစ်မှာပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲရဲ့ မဲစာရင်းတွေကို စိစစ်တဲ့အခါ ကမ္ဘာမှာလွန်စွာကြီးမားတဲ့ မဲမသမာမှုပြုလုပ်ပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စည်းကမ်းမဲ့စွာ ဆောင်ရွက်ခဲ့တာ စိစစ်တွေ့ရှိရတဲ့အတွက် နိုင်ငံအနေနဲ့ အမည်းစက်တစ်ခုဖြစ်ပေါ်ခဲ့တာ ရဲဘော်တို့အသိပဲဖြစ်တယ်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့တဲ့ မဲပေးပိုင်ခွင့်ရှိသူ မဲစာရင်း ၃၈ ဒသမ ၂၇ သန်းမှာ ခိုင်လုံမှု မရှိဘဲ မဲစာရင်းပါဝင်မှု ၁၁ ဒသမ ၃ သန်း စိစစ်တွေ့ရတဲ့အတွက် ၂၉ ဒသမ ၅၄ ရာခိုင်နှုန်း မဲမသမာမှုလုပ်ထားတာစိစစ်တွေ့ရတယ်။အထွေထွေရွေးကောက်ပွဲဆိုတာ တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာနဲ့ဆိုင်တဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သလို နိုင်ငံရဲ့အနာဂတ်ကို ဖော်ဆောင်မယ့် ခေါင်းဆောင်တွေကို ရွေးချယ်ခြင်းလည်းဖြစ်တယ်။ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီစနစ်အပေါ်မှာ ပြည်သူတွေ ယုံကြည်မှုရှိဖို့နဲ့ ကောင်းမွန်တဲ့ နိုင်ငံရေးသမိုင်းကို ပုံဖော်နိုင်ဖို့ အရေးကြီးတယ်။ ဒါကြောင့် နိုင်ငံတော်အာဏာကို မသမာတဲ့ နည်းလမ်းနဲ့ ရယူဖို့ကြိုးစားတဲ့ NLD အစိုးရရဲ့ ဥပဒေမဲ့လုပ်ရပ်များကို ကာကွယ်တားဆီးနိုင်ဖို့အတွက် တပ်မတော်အနေနဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်အာဏာကို ခေတ္တရယူထိန်းသိမ်းခဲ့တာပဲ ဖြစ်တယ်။

**ရဲဘော်တို့**

တို့နိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ်သမိုင်းဟာ လွတ်လပ်ရေးမရမီကတည်းက **"ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်"**ဆိုသလို ရှုပ်ထွေးမှုတွေရှိနေခဲ့တယ်။ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလတွေမှာလည်း အယူဝါဒအမျိုးမျိုး၊ သဘောထားအမျိုးမျိုးကြောင့် ခိုင်မာတဲ့နိုင်ငံရေးစနစ်ကို တစ်သမတ်တည်း ချမှတ်ဖော်ဆောင်နိုင်ခြင်းမရှိဘဲ စနစ်အမျိုးမျိုးကို ပြောင်းလဲကျင့်သုံးခဲ့ရတယ်။ နိုင်ငံရေးစနစ်တည်ငြိမ်မှုမရှိခြင်းနဲ့ ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခတွေကြောင့် ဖွံ့ဖြိုးမှုအပိုင်းမှာ အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် အတော်လေးနောက်ကျကျန်ခဲ့တာကို တွေ့ရတယ်။ ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ လက်ရှိလျှောက်လှမ်းနေတဲ့ ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းစေရေးနဲ့ ဖွံ့ဖြိုးမှုရှိစေရေးအတွက် **"စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"** ဆိုတဲ့ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နဲ့ **"တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး"** ဆိုတဲ့ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ တစ်နည်းအားဖြင့် ပြောရရင် အဲဒီရည်မှန်းချက်တွေဟာ စဉ်ဆက်မပြတ် ဆောင်ရွက်ရမယ့် နိုင်ငံတော်ရဲ့ မျှော်မှန်းချက်များပဲဖြစ်တယ်။ ဒီမျှော်မှန်းချက်တွေ ပြည့်ဝဖို့အတွက် နိုင်ငံတော်ရဲ့ ပကတိအခြေအနေတွေနဲ့ကိုက်ညီတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နဲ့ ဦးတည်ချက်(၉)ရပ်ကိုချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတယ်။ ဒီလိုဆောင်ရွက်လျက်ရှိတဲ့နေရာမှာ တို့တပ်မတော်သားတွေအနေနဲ့လည်း ရှေ့လုပ်ငန်းစဉ်နဲ့ ဦးတည်ချက်တွေကို သိရှိနားလည်ပြီး ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အရေးပေါ်

> **နိုင်ငံတိုင်းရဲ့ တပ်မတော်တွေဟာ ဖွဲ့စည်းပုံတွေ၊ အင်အားတွေ၊ ရည်မှန်းချက်တွေ မတူညီကြပေမယ့် နိုင်ငံတော်ကာကွယ်ရေးအတွက်ဆိုတဲ့ ရည်ရွယ်ချက်ကတော့ အတူတူပဲ ဖြစ်ကြတယ်။ အဲဒီလိုပဲ နိုင်ငံတစ်ခုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာဟာလည်း တစ်နိုင်ငံနဲ့ တစ်နိုင်ငံ တူညီချင်မှ တူညီနိုင်ပေမယ့် မိမိတို့နိုင်ငံရဲ့ ရေရှည်အကျိုးစီးပွားအတွက်သာ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို ဦးတည်ပြဋ္ဌာန်းကြတာပဲဖြစ်တယ်။**

ကာလဆိုင်ရာ ပြဋ္ဌာန်းချက်တွေအတိုင်း ဆောင်ရွက်ပြီးစီးပါက အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီထံသို့ နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမှာဖြစ်တယ်။ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပြီး ထွက်ပေါ်လာတဲ့ အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်တယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ အထောက်အကူဖြစ်စေဖို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အထွေထွေရွေးကောက်ပွဲ ကျင်းပချိန်မှာ မဲစာရင်းတွေ ပြည့်စုံမှန်ကန်မှုရှိဖို့ လုပ်ဆောင်နေသလို ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ တိုင်းရင်းသားများ၊ တိုင်းရင်းသားဒေသများနဲ့ လူထုလူတန်းစားအသီးသီးကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်များ လွှတ်တော်ထဲကို ရောက်ရှိလာစေရေးအတွက် လက်ရှိကျင့်သုံးနေတဲ့ အနိုင်ရသူအကုန်ယူစနစ် (First Past the Post–FPTP)အပြင် မိမိတို့နိုင်ငံရဲ့ ဒီမိုကရေစီစနစ်နဲ့ သင့်တော်တဲ့ အချိုးကျကိုယ်စားပြုစနစ် (Pro–portional Representation–PR)ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိတယ်။ ဒ့ါအပြင် နိုင်ငံသားတစ်ဦးချင်းစီအနေနဲ့လည်း ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုနဲ့ အနိုင်ကျင့် လွှမ်းမိုးမှု စတဲ့မတရားမှုတွေ ကင်းဝေးစေပြီး လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် လုံခြုံရေးကိစ္စရပ်များကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိတယ်။ ဒီလိုရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ဖို့ ဆောင်ရွက်နေချိန်မှာ EAO အချို့နဲ့ PDF အမည်ခံ အကြမ်းဖက်သမားတွေက ရွေးကောက်ပွဲပျက်ပြားစေဖို့နဲ့ နှောင့်နှေးကြန့်ကြာ မှုများဖြစ်ပေါ်စေဖို့ လုပ်ဆောင်လျက်ရှိတယ်။ ဒါကြောင့် တို့တပ်မတော်အနေနဲ့ ပြည်သူလူထုရဲ့ ဆန္ဒနှင့်အညီ ပါတီစုံ ဒီမိုကရေစီစနစ် ပေါ်ပေါက်လာစေရေး ဦးဆောင်အကောင်အထည်ဖော်ပေးခဲ့သလို ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးနဲ့ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း ရှေ့ကနေ မားမားမတ်မတ်ရပ်တည်ဆောင်ရွက်သွားရမှာဖြစ်တယ်။

**ရဲဘော်တို့**

တို့တပ်မတော်ဟာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်ရဲ့တာဝန်ကို ထိန်းသိမ်းခဲ့ခြင်းဖြစ်ပေမယ့်လည်း ဒီလိုထိန်းသိမ်းဆောင်ရွက်မှုနဲ့ပတ်သက်ပြီး နိုင်ငံရေးအသုံးချမှုများစွာနဲ့ ကြုံတွေ့ခဲ့ရတယ်။ အဲဒီအချိန်က ရွေးချယ်ခံကိုယ်စားလှယ်တွေကို လက်ရှိနိုင်ငံရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး တရားဥပဒေနှင့်အညီ ဖြေရှင်းနိုင်စေဖို့အတွက် နေရပ်ဒေသအသီးသီးသို့ပြန်လည်စေလွှတ်ပေးခဲ့တယ်။ ဒါပေမယ့် ရွေးကောက်ခံကိုယ်စားလှယ်များအဖြစ် ရပ်တည်ခွင့် မရှိတော့တဲ့သူတွေက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ “ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)” အမည်နဲ့ တရားမဝင်ကော်မတီကို ဖွဲ့စည်းခဲ့တဲ့အပြင် အဲဒီနှစ်၊ ဧပြီလ ၁၆ ရက်နေ့မှာ အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government–NUG) အမည်နဲ့ တရားမဝင်အစိုးရတစ်ရပ်ကို ဖွဲ့စည်းခဲ့ကြတယ်။ အဲဒီနောက်မှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (People Defence Force–PDF)ကို ဖွဲ့စည်းပြီး ၎င်းတို့ကို ထောက်ခံအားပေးသူတွေကို လက်နက်ကိုင် ဆူပူအုံကြွမှုများလုပ်ဆောင်ဖို့ တွန်းအားပေးဆောင်ရွက်လာခဲ့ကြတယ်။ လွှတ်တော်အသီးသီးရဲ့ ကိုယ်စားလှယ်တွေဟာ ဥပဒေပြုရေးကို အလေးထားဆောင်ရွက်ရတာဖြစ်လို့ တရားဥပဒေလေးစားလိုက်နာရေး၊ သိရှိနားလည်ရေးမှာ သူများထက်ပိုလိုအပ်တယ်။ သူတို့အနေနဲ့ တရားဥပဒေနဲ့အညီ ရင်ဆိုင်ဖြေရှင်း ဆောင်ရွက်ဖို့မလုပ်ဘဲ အကြမ်းဖက်လမ်းစဉ်ကိုရွေးချယ်ခြင်းဟာ သူတို့ရဲ့ ဒီမိုကရေစီအပေါ်မှာ ဘယ်လိုလုပ်ယုံကြည်မှုရှိရမလဲဆိုတာ စဉ်းစားဖို့လိုတယ်။ အဲဒီအချိန်ကစပြီး မြန်မာနိုင်ငံအနှံ့အပြားမှာ မိုင်းထောင်ဖောက်ခွဲမှု၊ ကျေးရွာတွေကို မီးရှို့ဖျက်ဆီးမှု၊ ပစ္စည်းလုယက်မှု၊ အတင်းအကျပ်ဆက်ကြေးတောင်းခံမှု၊ လုံခြုံရေးစခန်းတွေကို တိုက်ခိုက်မှုတွေသာမကဘဲ ၎င်းတို့နဲ့ အမြင်မတူသူများကို ဒလန်လို့ စွပ်စွဲသတ်ဖြတ်မှု စတဲ့ အကြမ်းဖက်လုပ်ရပ်တွေ မကြာခဏဖြစ်ပွားလာခဲ့တယ်။ အဆိုးရွားဆုံးကတော့ နိုင်ငံ့တာဝန်ထမ်းဆောင်နေတဲ့ အရပ်ဘက်ဝန်ထမ်းများ၊ အထူးသဖြင့် ဆရာ၊ ဆရာမများနဲ့ ပညာရေးဆိုင်ရာ ဝန်ထမ်းများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်ခြင်း၊ လူသား

တံတိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းတွေ လုပ်ဆောင်နေတာပဲဖြစ်တယ်။ သူတို့ရဲ့အဓိက ရည်ရွယ်ချက်ကတော့ လူငယ်၊ လူရွယ်တွေကို ပညာရေးနိမ့်ကျပြီး အမှား၊ အမှန် မခွဲခြားနိုင်ဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်နောက်ကို လိုက်ပါလုပ်ဆောင်လာစေဖို့ပဲဖြစ်တယ်။ ဒါကြောင့် တို့နိုင်ငံအပါအဝင် ကမ္ဘာပေါ်မှာရှိတဲ့ မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းကမှ လက်ခံနိုင်စရာမရှိတဲ့ ဒီအကြမ်းဖက်လုပ်ရပ်တွေကို အချိန်မီကာကွယ်တားဆီးရမှာဖြစ်ပြီး အဲဒီလိုလုပ်ဆောင်တဲ့နေရာမှာ တပ်မတော်အနေနဲ့ ပြည်သူနဲ့အတူ လက်တွဲပြီး ပါဝင်ဆောင်ရွက်ရမှာပဲဖြစ်တယ်။ နိုင်ငံတကာအသိုက်အဝန်းအနေနဲ့လည်း CRPH ၊ NUG ၊ PDF နဲ့ NLD အစွန်းရောက်များရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အားပေးထောက်ခံမှု မပြုလုပ်သင့်သလို ပညာရေးကဏ္ဍကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးနေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုများအား ဆန့်ကျင်ရှုတ်ချဖို့ လိုအပ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့နဲ့ အကြမ်းဖက်အဖွဲ့အစည်းများဟာ လက်နက်ဖြင့်အကြောက်တရားကို ဖန်တီးပြီး လူသစ်စုဆောင်းမှုတွေကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိတဲ့အပြင် လူမျိုးရေးမုန်းတီးမှုကို ရေ့တန်းတင်လှုံ့ဆော်လျက်ရှိတာကိုလည်း တွေ့ရတယ်။ လူမျိုးစုများစွာရှိတဲ့ တို့နိုင်ငံမှာ လူမျိုးကိုအခြေခံပြီး လက်နက်ကိုင်အဖွဲ့များဖွဲ့စည်းခြင်းနဲ့ လက်နက်ကိုင်လှုပ်ရှားမှုများ လုပ်ဆောင်ခြင်းတွေဟာ ငြိမ်းချမ်းရေးနဲ့ အလှမ်းဝေးစေပြီး တိုင်းပြည်စည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်စီးစေလျက်ရှိတယ်။ ဒီလိုအခြေအနေမျိုးမှာ လူငယ်အချို့ဟာလည်း ပြည်ဖျက်မီဒီယာအချို့ရဲ့ အပျက်သဘောဆောင်တဲ့ သွေးထိုးလှုံ့ဆော်မှုတွေကို နားယောင်ပြီး သောင်းကျန်းသူများရဲ့ အသုံးချခံဖြစ်နေတာကို စိတ်မကောင်းဖွယ်ရာ မြင်တွေ့ရလျက်ရှိတယ်။ တိုင်းရင်းသားလက်နက်ကိုင် အကြမ်းဖက်သမားများဟာ သူတို့အင်အားတည်ဆောက်နိုင်ရေးအတွက် ဝေးလံခေါင်ပါးပြီး အသွားလာခက်ခဲတဲ့နေရာမှာ အခြေခံပြီး ဘိန်း၊ ဘိန်းဖြူနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုများကရရှိတဲ့ ဝင်ငွေ၊ တရားမဝင်လမ်းကြောင်းက နိုင်ငံတော်သယံဇာတများ ခိုးထုတ်ရောင်းချမှုကရတဲ့ဝင်ငွေ၊ တရားမဝင်နည်းပေါင်းစုံသော လောင်းကစားဝိုင်းများက ရတဲ့ဝင်ငွေနဲ့ လက်နက်ခဲယမ်းများ ဝယ်ယူတာ၊ ထုတ်လုပ်တာ၊ လူအင်အားစုဆောင်းတိုးချဲ့တာများ ပြုလုပ်ကြတယ်။ အဲဒီကတစ်ဆင့် တိုင်းရင်းသားရေး အကြောင်းအမျိုးမျိုးပြလက်နက်စွဲကိုင်ပြီး နိုင်ငံတော်ကို ဆန့်ကျင်မှုပြုလုပ်နေတာ သူတို့ရဲ့ ခေတ်အဆက်ဆက် လုပ်ဆောင်ချက်များက သက်သေပြနေတယ်။ အဓိက ကတော့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်းနဲ့ သယံဇာတ ခိုးထုတ်တဲ့လုပ်ငန်းကို အခြေခံပြီး စခဲ့တာဖြစ်တဲ့အတွက် အန္တရာယ်ကြီးတဲ့ အဖွဲ့အစည်းလို့ ပြောရမယ်။ ဒါကြောင့် သူတို့ကို ဘယ်သူကမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း မပတ်သက်ဖို့လိုကြောင်း ပြောကြားလိုတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နဲ့ ပြည်ပလက်ဝေခံအဖွဲ့အစည်းအချို့ရဲ့ လုပ်ရပ်တွေဟာ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတို့ရဲ့ အကျိုးစီးပွားအတွက် မဟုတ်ဘဲ ၎င်းတို့နဲ့ ၎င်းတို့ရဲ့ အဖွဲ့အစည်းအကျိုးအတွက်သာ ရှေးရှုလုပ်ဆောင်နေခြင်း၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတစ်ရပ် ဖော်ဆောင်ရေးကို ပျက်စီးအောင်လုပ်နေခြင်းဖြစ်တယ်ဆိုတာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ နေရာဒေသအချို့မှာ ဖြစ်ပွားနေတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေက သက်သေခံလျက်ရှိတယ်။ ဒီမိုကရေစီနဲ့ အညီဆောင်ရွက်နိုင်တာကို အဓမ္မနည်းနဲ့ပြုလုပ်တာကြောင့် ဒေသခံများရဲ့ အကျိုးစီးပွား ပျက်စီးတာ၊ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားခွင့်ဆုံးရှုံးတာပဲ ခံစားရတဲ့အတွက် အင်မတန်မိုက်မဲတဲ့ လုပ်ရပ်လို့ ပြောလိုတယ်။ ဒါကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ပြည်သူ့စစ်အဖွဲ့တွေအပါအဝင် လုံခြုံရေးတပ်ဖွဲ့တွေအနေဖြင့် ပြည်သူလူထုနဲ့ အတူလက်တွဲပြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရတဲ့ ဒေသများကိုလည်း တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိအောင် တရားဥပဒေနဲ့အညီ ထိထိရောက်ရောက် ဆောင်ရွက်သွားရမယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် စွန့်လွှတ်စွန့်စားသူများကိုလည်း ထိုက်တန်စွာ ချီးမြှင့်ဂုဏ်ပြုသွားမှာဖြစ်တယ်။

**ရဲဘော်တို့**

တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့နဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ဖို့လုပ်ဆောင်ရာမှာ ပြည်သူ့စစ်အဖွဲ့

တွေ၊ ဒေသခံကာကွယ်ရေးအဖွဲ့တွေဖွဲ့စည်းခြင်းထက် ဥပဒေနဲ့ ပိုမိုညီညွတ်ပြီး စည်းစနစ်ကျတဲ့ ပြည်သူ့စစ်မှုထမ်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာပဲဖြစ်တယ်။ တို့နိုင်ငံရဲ့ ပထဝီနိုင်ငံရေးအနေအထားနဲ့ လက်ရှိကမ္ဘာမှာဖြစ်ပျက်နေတဲ့ အခြေအနေတွေအရ ဒီဥပဒေပြဋ္ဌာန်းချက်ကို မဖြစ်မနေဆောင်ရွက်သွားရမှာဖြစ်လို့ ယခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ပြီးဖြစ်တယ်။ ဒီလိုလုပ်ဆောင်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ဟာ တို့နိုင်ငံရဲ့ အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက်ဖြစ်တယ်။ ဒါ့အပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးတဲ့ စစ်မှုထမ်းဟောင်းများအနေနဲ့လည်း တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အမျိုးဘာသာသာသနာကို ကာကွယ်လိုတဲ့ စိတ်ဓာတ်၊ ဒို့တာဝန်အရေးသုံးပါးကို အထိမခံတဲ့ စိတ်ဓာတ်တွေနဲ့ ကျရာအခန်းကဏ္ဍက နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုပြန်လည်ထမ်းဆောင်ပါမယ်ဆိုတဲ့ သတင်းပို့တောင်းဆိုမှုတွေများပြားလာတာကြောင့် အရန်တပ်ဖွဲ့ဥပဒေကို ယခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ အာဏာတည်စေခဲ့ပြီးဖြစ်တယ်။ အဲဒီအရန်တပ်ဖွဲ့ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရာမှာလည်း စစ်မှုထမ်းဟောင်းအားလုံးကို ပြန်လည်ခေါ်ယူမှာမဟုတ်ဘဲ ခေါ်သင့်ခေါ်ထိုက်သူများကိုသာပြန်လည်ခေါ်ယူတာဝန်ပေးအပ်သွားမှာဖြစ်တယ်။ ဒီဥပဒေနှစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်တာကြောင့် ကာကွယ်ရေးအင်အားကို အထိုက်အလျောက်မြင့်တက်လာစေမှာဖြစ်ပြီး အဲဒီကမှတစ်ဆင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာတွေကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

တို့တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ရင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အပေါ်မှာသာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမှာ ဖြစ်တယ်။ NCA သဘောတူစာချုပ်ဟာ လွယ်လင့်တကူဖြစ်ပေါ်လာတဲ့ သဘောတူစာချုပ်မဟုတ်ဘဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ စတင်ဖိတ်ခေါ်ခဲ့တဲ့နေ့ကစပြီး ဆွေးနွေးညှိနှိုင်းမှု ၅၀၀၀ ကျော်အထိ ပြုလုပ်ခဲ့ပြီးမှ ရရှိခဲ့တဲ့ သဘောတူစာချုပ်ဖြစ်တယ်။ ရရှိထားတဲ့ သဘောတူညီချက်များကတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်သင့်တဲ့ အချက်များကို ဒီမိုကရေစီနည်းလမ်းတကျဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သွားရမှာဖြစ်တယ်။ တပ်မတော်အနေနဲ့ NCA စာချုပ်ကြီးပေါ်ပေါက်လာတာနဲ့ တစ်ပြိုင်နက် ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို ထုတ်ပြန်ခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ အဲဒီငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှု သမိုင်းတွေက ရရှိလာတဲ့ **"အသိတရား"** ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေး တည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် **"အရှိတရား"**လည်းဖြစ်တယ်။ တို့နိုင်ငံအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးတည်ဆောက်နေသလို ကမ္ဘာ့

**ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့ဟာ နိုင်ငံငယ်တွေအပေါ်မှာ ၎င်းတို့အလိုကျလိုက်ပါလုပ်ဆောင်လာစေရေးအတွက် နည်းလမ်းမျိုးစုံနဲ့ ကြားဝင်စွက်ဖက်မှုများ ပြုလုပ်လျက်ရှိတယ်။ ဒါဟာခေတ်သစ်ကိုလိုနီပြုခြင်းတစ်မျိုးဖြစ်တယ်ဆိုတာ သတိထားနိုင်ဖို့လိုတယ်။ တို့နိုင်ငံဟာ ပထဝီအနေအထားအရ အရေးပါတဲ့နေရာမှာ တည်ရှိနေတာကြောင့် ခေတ်သစ်ကိုလိုနီဝါဒအရ ၎င်းတို့ရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်မယ့် အစိုးရနဲ့အဖွဲ့အစည်းတွေကို ပုံသဏ္ဍာန်မျိုးစုံနဲ့ ထောက်ပံ့ကူညီမှုတွေ ပြုလုပ်လျက်ရှိတယ်။**

ငြိမ်းချမ်းရေးနဲ့ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကိုလည်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူဝါဒတွေနဲ့အညီ လိုက်နာကျင့်သုံးလျက်ရှိကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့ဟာ နိုင်ငံငယ်တွေအပေါ်မှာ ၎င်းတို့အလိုကျ လိုက်ပါလုပ်ဆောင်လာစေရေးအတွက် နည်းလမ်းမျိုးစုံနဲ့ ကြားဝင်စွက်ဖက်မှုများပြုလုပ်လျက်ရှိတယ်။ ဒါဟာခေတ်သစ်ကိုလိုနီပြုခြင်းတစ်မျိုး ဖြစ်တယ်ဆိုတာ သတိထားနိုင်ဖို့လိုတယ်။ တို့နိုင်ငံဟာ ပထဝီအနေအထားအရ အရေးပါတဲ့နေရာမှာ တည်ရှိနေတာကြောင့် ခေတ်သစ်ကိုလိုနီဝါဒအရ ၎င်းတို့ရဲ့အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်မယ့် အစိုးရနဲ့အဖွဲ့အစည်းတွေကို ပုံသဏ္ဌာန်မျိုးစုံနဲ့ ထောက်ပံ့ကူညီမှုတွေပြုလုပ်လျက်ရှိတာ ပကတိဖြစ်ရပ်များက ပြနေသလို ၎င်းတို့ရဲ့အလိုကို လိုက်လျောခြင်းမရှိဘဲ နိုင်ငံတော်နဲ့နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို ရေးရှုကာကွယ်နေတဲ့အဖွဲ့အစည်းတွေကို စည်းလုံးမှုပျက်ပြားပြီး အင်အားချည့်နဲ့အောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိတယ်။ ဒါကြောင့်နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်နေကြရတဲ့ ရဲဘော်တို့အနေနဲ့ အချင်းချင်းစည်းလုံးညီညွတ်နေဖို့လိုအပ်သလို တပ်ဖွဲ့အချင်းချင်းကြားမှာလည်းစည်းလုံးညီညွတ်နေဖို့ လိုအပ်တယ်။ တပ်ရင်း/တပ်ဖွဲ့အသီးသီးမှာရှိတဲ့ ခေါင်းဆောင်တွေအနေနဲ့ ကျစ်လျစ်ခိုင်မာတဲ့ တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ဖို့လိုအပ်တယ်။ ဒီလိုကျစ်လျစ်ခိုင်မာတဲ့ တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မှသာ ပေးအပ်လာမယ့် အမိန့်နှင့်တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နိုင်မှာပဲဖြစ်တယ်။

**ရဲဘော်တို့**

မျက်မှောက်ကာလမှာ သတင်း၊ နည်းပညာနဲ့ ဆက်သွယ်ရေး ကွန်ရက်စနစ်တွေ လျင်မြန်စွာဖွံ့ဖြိုးလာတာနဲ့အတူ လူမှုကွန်ရက်တွေကို တလွဲအသုံးချမှုတွေ များပြားလာလျက်ရှိတယ်။ ဆန့်ကျင်ဘက်လူပုဂ္ဂိုလ်များနဲ့ အဖွဲ့အစည်းတွေဟာ လူမှုကွန်ရက်ကို အသုံးပြုပြီး တပ်မတော်ကို နိုင်ငံရေးသိက္ခာကျစေရန်၊ ပြည်သူလူထုယုံကြည်မှုပျက်ပြားစေရန်နဲ့ အထင်အမြင်လွဲမှားစေရန် ထိုးနှက်တိုက်ခိုက်မှုတွေ ပြုလုပ်လျက်ရှိတယ်။ ဒါကြောင့် တို့တပ်မတော်သားများ အပါအဝင် နိုင်ငံသားအားလုံးအနေနဲ့ အခြေအမြစ်မရှိတဲ့ ပြောဆိုရေးသားမှုတွေကို အသိ၊ သတိတွေနဲ့ယှဉ်ပြီး စဉ်းစားဆင်ခြင်နိုင်ဖို့ လိုအပ်တယ်။ တပ်မတော်နဲ့ ပြည်သူအကြားမှာ စည်းလုံးညီညွတ်မှုခိုင်မာမှသာလျှင် တိုင်းပြည်ကာကွယ်ရေးလုပ်ငန်းတွေကို စွမ်းအားပြည့် ဆောင်ရွက်နိုင်မှာ ဖြစ်တဲ့အတွက် ရဲဘော်တို့အနေနဲ့ တပ်ပြင်စည်းရုံးရေး လုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်သွားကြဖို့ မှာကြားလိုတယ်။ တပ်မတော်သားတွေအနေနဲ့တပ်ပြင်စည်းရုံးရေးဆောင်ရွက်ရာမှာ စစ်သည်တော်ကျင့်ဝတ်နဲ့အညီ နေထိုင်ကျင့်ကြံပြီး တာဝန်ကျရာ နယ်မြေဒေသအသီးသီးမှာ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို စိတ်ရင်းစေတနာမှန်နဲ့ ဆောင်ရွက်ပေးကြရမှာပဲဖြစ်တယ်။

**ရဲဘော်တို့**

ယနေ့ကမ္ဘာပေါ်ရှိ နေရာအနှံ့အပြားမှာဖြစ်ပေါ်နေတဲ့ ပဋိပက္ခများကိုကြည့်ရင် ယခင်က အဏုမြူလက်နက်၊ သမားရိုးကျ လက်နက်များနဲ့ ခြိမ်းခြောက်တဲ့ အခြေအနေကနေ ယခုအခါမှာ နည်းပညာအသုံးပြု စစ်ပွဲသဏ္ဌာန်တွေ၊ အင်အားကြီးသူက အုပ်စုဖွဲ့ပြီး အင်အားနည်းသူအပေါ်မှာ အနိုင်ကျင့်လာကြတာတွေ၊ အင်အားနည်းတဲ့နိုင်ငံတွေကို ကြားခံထားပြီး အဲဒီနိုင်ငံတွေရဲ့ အိမ်နီးချင်းအင်အားကြီးနိုင်ငံတွေကို နည်းမျိုးစုံနဲ့ ထိန်းချုပ်ဖို့ကြိုးစားတာတွေ တွေ့ရမယ်။ ဒါကြောင့် နည်းပညာအခြေပြု ခေတ်မီတပ်မတော်ဖြစ်ရေးကို **လေ့လာ၊ လေ့ကျင့်၊ လိုက်နာ** ဆိုတဲ့ဆောင်ပုဒ်အတိုင်း ကြိုးပမ်းဆောင်ရွက်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ ဒီမိုကရေစီအမည်ခံ ပြည်တွင်းအဖျက်သမားတွေနဲ့ ပြည်ပလက်ဝေခံ အကြမ်းဖက်အဖွဲ့အစည်းများကို တိုက်ဖျက်ချေမှုန်းရင်း (၇၉) နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်တွေ ဖြစ်တဲ့–

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်

ပေးကာကွယ်စောင့်ရှောက်ရေး။

- နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ် ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသား ပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။
- နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ် အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။ ဆိုတဲ့ ဦးတည်ချက်များနဲ့အညီ ဆက်လက်ဆောင်ရွက်သွားကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်တယ်။ ။

■ ■ ■

# (၇၉) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများအား ပြောကြားသည့် ဂါရဝပြုစကား

( ၂၇ - ၃ - ၂၀၂၄ )





ယနေ့ကျရောက်သည့် (၇၉) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစား တပ်မတော် အရာရှိကြီးများအား တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားကို မတ်လ (၂၇) ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။ ကန်တော့ခံတက်ရောက် အဆိုပါဂါရဝပြုကန်တော့သည့် အခမ်းအနားသို့ အငြိမ်းစား တပ်မတော်အရာရှိကြီး ၁၆ ဦးနှင့် ဇနီး ၁၁ ဦးတို့ ကန်တော့ခံတက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တက်ရောက်ဂါရဝပြု ကန်တော့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂါရဝပြုစကားပြောကြားရာတွင် တပ်မတော်၏ အစဉ်အလာနှင့်အညီ မိမိတို့အနေဖြင့် တပ်မတော်၏တာဝန်များကို အစဉ်အဆက်ဆက်ခံခဲ့ကြသူများဖြစ်ပြီး ယခုအခမ်းအနား တက်ရောက်လာကြသည့် တပ်မတော် အငြိမ်းစားအရာရှိကြီးများသည် မိမိတို့၏ မိဘဆရာများပင်ဖြစ်ပါကြောင်း၊တပ်မတော် အနေဖြင့် ခေတ်အဆက်ဆက်နိုင်ငံတော် ပြိုကွဲမည့် အန္တရာယ်များမှ ထိန်းသိမ်းကာကွယ်ခဲ့ရပါကြောင်း၊ လက်ရှိအချိန်တွင်တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေရခြင်းဖြစ်ပါကြောင်း၊ အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့်တိုင်းရင်းသားရေးနှင့် နိုင်ငံရေးကိုအကြောင်းပြ၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ ပြည်ထောင်စုကြီး မပြိုကွဲရေး အတွက် ဥပဒေနှင့်

အညီသာ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများအရ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ထာဝရတည်ငြိမ်အေးချမ်းသည့် ပြည်ထောင်စုကြီးဖြစ်စေရေး တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အငြိမ်းစား တပ်မတော်အရာရှိကြီးများအနေဖြင့်ယခုကဲ့သို့တပ်မတော်နေ့များသို့ နှစ်စဉ်တက်ရောက် ချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဗုဒ္ဓဘာသာ အစဉ်အလာနှင့်အညီ ယခုကဲ့သို့ အထက်အောက်ရိုသေလေးစားမှုဖြင့် ကျေးဇူးတရားကို သိရှိစွာဂါရဝပြု ကန်တော့ခြင်းသည် မိမိတို့တပ်မတော်၏ အစဉ်အလာကောင်း တစ်ခုပင်ဖြစ်ပါကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၂/၂၀၂၄)တွင် ပြောကြားသည့် အမှာစကား

( ၂၉ - ၃ - ၂၀၂၄ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၂/၂၀၂၄)ကို မတ်လ (၂၉) ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း ယေဘုယျအားဖြင့် GDP အရ တိုးတက်မှုရှိခဲ့သည်ကို တွေ့ရကြောင်း၊ ခြုံငုံသုံးသပ်ကြည့်ပါက နိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် ခန့်မှစ၍ နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ကြောင်း၊ မိမိတို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် ယခင်အနုတ်ပြခဲ့သည့် စီးပွားရေးမှ အပေါင်းလက္ခဏာသို့ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သို့သော် မျှော်မှန်းသလောက် တိုးတက်မှုရှိရန် လိုအပ်သေးသည်ကို တွေ့ရကြောင်း၊ အဓိကအားဖြင့် နိုင်ငံ၏ စီးပွားရေးတိုးတက်ရန်မှာ ကုန်သွယ်မှုလုပ်ငန်းမှရငွေနှင့် ကုန်သွယ်မှုမဟုတ်သော လုပ်ငန်းများမှ ရငွေဟူ၍ အပိုင်းနှစ်ပိုင်း ရှိမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများမှရငွေ၌ ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ခြင်းနှင့် သယံဇာတထုတ်ကုန်များထုတ်လုပ်ခြင်းဟူ၍ ရှိမည်ဖြစ်ရာ ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ရေးသည် အရေးကြီးကြောင်း။

**ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်နိုင်ရေး တွန်းအားပေးကြပ်မတ်**

ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုပြုလုပ်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ခေတ်အဆက်ဆက်တွင် ပြည်တွင်းထုတ်ကုန်များနှင့် သယံဇာတပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ စာရင်းဇယားများအရ တပ်မတော်အစိုးရ

လက်ထက် (၂၀၁၇-၂၀၁၈ ခုနှစ်)နှင့် ပါတီစုံဒီမိုကရေစီ အစိုးရလက်ထက်(၂၀၁၉-၂၀၁၀ ပြည့်နှစ်)များတွင် ပြည်ပကုန်သွယ်မှုများ မြင့်တက်ခဲ့သည်ကို တွေ့ရကြောင်း၊ မိမိတို့ အစိုးရသက်တမ်းတွင် နိုင်ငံ၏ ကုန်ထုတ်လုပ်မှု၌ အခြေခံအကျဆုံးနှင့် နိုင်ငံသူနိုင်ငံသားအများစုနှင့် ပတ်သက်သည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ ပိုမို ထုတ်လုပ်နိုင်ရေး အဓိကထားဆောင်ရွက်ခဲ့ကြောင်း၊ မိမိအနေဖြင့် စပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံများနှင့် စက်မှုကုန်ကြမ်းသီးနှံပင်များ စိုက်ပျိုးမှုကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်ရေး တွန်းအားပေးကြပ်မတ်ခဲ့ကြောင်း။

နိုင်ငံရေးအရ မိမိတို့နိုင်ငံအပေါ် အနောက်နိုင်ငံများမှ စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးဆိုင်ရာ ကန့်သတ်မှုများစွာ ပြုလုပ်ခဲ့သကဲ့သို့ မြေအောက်ထွက်ကုန်ဖြစ်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့နိုင်ခဲ့သော်လည်း ရရှိသည့် ငွေကြေးများ သုံးစွဲ၍မရအောင် ပြုလုပ်ခဲ့ကြကြောင်း၊ ယင်းအခက်အခဲများကြားမှ နိုင်ငံစီးပွားရေး အတိုင်းအတာတစ်ခုအထိ တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်ပကြွေးမြီများကိုလည်း ၃ နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ ပြန်လည်ပေးဆပ်နိုင်ခဲ့ကြောင်း၊ ပြန်ဆပ်ငွေအများစုမှာလည်း ယခင်အစိုးရ အဆက်ဆက် ချေးယူခဲ့သည့် အရင်းငွေများဖြစ်ကြောင်း။

**စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး**

စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရာတွင် စိုက်ဧကတိုးချဲ့ စိုက်ပျိုးခြင်း၊ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးချဲ့၍အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းဟု အပိုင်း(၃)ခုရှိရာ မိမိတို့အစိုးရ အနေဖြင့်ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် သီးထပ်စွမ်းအားတိုးချဲ့၍ အထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ခြင်းတို့ကို အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့်ပင် နိုင်ငံ့စီးပွားရေးတိုးတက်မှုကို မြှင့်တင်နိုင်ကြောင်းကို အချို့သော ခိုင်မာသည့်အချက်အလက်များဖြင့် ဥပမာပေး ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါး စိုက်ဧကမှာ ၁၄ သန်းကျော်ရှိကြောင်း၊ မိုးစပါးတစ်ဧကအတွက် ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းမှာ တင်း ၁၀၀ ဖြစ်ကြောင်း၊ သို့သော် ၂၀၂၃-၂၀၂၄ ခုနှစ် အထွက်နှုန်းမှာ ပျမ်းမျှ ၇၈ တင်းကျော်ဖြစ်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ထက် ၂၂ တင်းခန့် လျော့နည်းကြောင်း၊ ထို့ကြောင့် စပါးတင်းသန်း ၃၀၀ ကျော်ခန့် လျော့နည်းထွက်ရှိခဲ့သည်ဟု ဆိုရမည် ဖြစ်ကြောင်း၊ တန်ဖိုးသင့် တွက်ချက်ကြည့်ပါက ငွေကျပ် ဘီလီယံ ၇၀၀၀ ခန့် လျော့နည်းခဲ့သည်ကိုတွေ့နိုင်ကြောင်း၊ ၎င်းသည် ဥပမာတစ်ခုသာဖြစ်ကြောင်း၊ အလားတူ အခြား အဓိက စိုက်ပျိုးထုတ်ကုန်များဖြစ်သည့် ပြောင်း၊ ပဲမျိုးစုံနှင့် အခြားသီးနှံများလည်း ပန်းတိုင်အထွက်နှုန်းအတိုင်း ထွက်ရှိအောင် လုပ်ဆောင်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေး မြင့်မားစွာတိုးတက်လာနိုင်ကြောင်း၊ ၎င်းအပေါ်တွင် ထပ်မံ၍ သီးထပ်စွမ်းအားတိုးချဲ့ လုပ်ကိုင်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ စွာ မြင့်မားလာမည်ကို သတိပြုမိကြစေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးနိုင်သည့် မြေများစွာရှိသည့်အပြင် သီးထပ်စိုက်ပျိုးနိုင်သည့် မြေနှင့်ရာသီဥတုရှိသောနိုင်ငံ ဖြစ်ကြောင်း၊ ၎င်းအချက်နှစ်ချက်ကို ဆောင်ရွက်နိုင်မည် ဆိုပါက ကမ္ဘာ့စားနပ်ရိက္ခာ လုံခြုံအာမခံချက်ရှိစေရေး (Food Security)ကဏ္ဍတွင် ထိုက်ထိုက်တန်တန်နေရာ ရရှိမည့် စိုက်ပျိုးထုတ်လုပ်ရေး စွမ်းအားရှိသည့်နိုင်ငံ (Agriculture Power Country)အဖြစ် ရပ်တည်နိုင်မည် ဖြစ်သဖြင့် ကောင်စီဝင်များအားလုံးက အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြသည်ကို တွေ့ရကြောင်း၊ အဆိုပါ ကျေးလက်နေပြည်သူများတွင် လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍကို ဆောင်ရွက်သူများမှာ ၄၁ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း သည် သေချာသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြစ်ကြောင်း၊ အလားတူ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို ဆောင်ရွက်နေကြကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု များကို ဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး

ထွက်ကုန်များကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ(Agro Based Industry)ကို တန်ဖိုးမြင့် ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကို အသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ Quick Win ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာခြင်းဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

မြေပေါ်မြေအောက်သယံဇာတများ ထုတ်ယူရောင်းချခြင်း၊ သစ်တောပစ္စည်းများ ထုတ်ယူရောင်းချရာတွင်လည်း အလွန်အကျွံထုတ်ယူခြင်းထက် စည်းမျဉ်းစည်းကမ်းများနှင့်အညီသာ ခွင့်ပြုဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စက္ကူထုတ်လုပ်နိုင်သည့် သစ်နှင့်ဝါးများစွာရှိသဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်သကဲ့သို့ ပြန်လည်ဖြည့်တင်းစိုက်ပျိုးထိန်းသိမ်းရန်လည်းလိုကြောင်း၊ အလားတူ စပါးစိုက်ပျိုးရာမှ ထွက်ရှိလာသည့် ကောက်ရိုးများကိုလည်း ပျော့ဖတ်နှင့် တိရစ္ဆာန်အစာများအဖြစ် အကျိုးရှိစွာ အသုံးချမည်ဆိုပါက နိုင်ငံအတွက်များစွာ အကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကောင်စီဝင်များအနေဖြင့် မိမိတို့သက်ဆိုင်ရာဒေသများအလိုက် တောင်သူများကို အလုပ်လုပ်နိုင်ရေးအားပေးခြင်း၊ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အထောက်အကူပြုစေသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ တိုးတက်စေရေးအတွက်လည်း ဒေသအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ အချို့ဒေသများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိနေသေးကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိပြီး မဖြစ်မနေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲစာရင်းများ အခြေခံမှန်ကန်ခိုင်မာစေရေး သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် လက်နက်ကိုင်အကြမ်းဖက်သည့် နည်းလမ်းဖြင့် ဆောင်ရွက်၍ မရကြောင်း ပြောကြားသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာ၌ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အဓိကကျသဖြင့် တည်ငြိမ်အေးချမ်းမှုလိုအပ်လျက်ရှိသည့်ဒေသများမှ ပြည်သူလူထုအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ကျောင်းပိတ်ရက်ကာလများကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရေးနှင့် လူငယ်များအတွက် ကောင်းမွန်သည့် စိတ်ဓာတ်များ မွေးမြူရရှိနိုင်ရေးအတွက် မိဘအုပ်ထိန်းသူများအနေဖြင့်လည်း တိုက်တွန်းကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

# ( ၂ - ၃ - ၂၀၂၄ )

**ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများ ခင်ဗျား**

ယနေ့အချိန်အခါသမယသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ လယ်ယာစိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားကြီးများအား အလေးအနက် ဂုဏ်ပြုသတ်မှတ်ထားသည့် သမိုင်းဝင် နေ့ထူးနေ့မြတ် တောင်သူလယ်သမားနေ့ဖြစ်ပါသည်။ တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင် စွမ်းဆောင်နိုင်ကြပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ စီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် စီးပွားရေးဦးတည်ချက် (၃)ရပ် ချမှတ်၍ ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

တောင်သူလယ်သမားကြီးများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော သီးနှံများအနက် အဓိကသီးနှံများဖြစ်သော စပါး၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ စက်မှု ကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ကြံ၊ ကော်ဖီနှင့် ပဲမျိုးစုံ၊ ပြောင်းစသည့်သီးနှံများကို သတ်မှတ်စိုက်ကေပြည့်မီအောင် စိုက်ပျိုးသွားကြရန် လိုပါသည်။ ထို့ပြင် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းတို့နှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ မြေကို စနစ်တကျ ပြုပြင်ဆောင်ရွက်ရေး၊ အောင်ရေရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေးနှင့် သီးထပ်စိုက်ပျိုးမှုတို့ဖြင့် စိုက်ပျိုးသီးနှံများအားလုံး ပန်းတိုင်အထွက်နှုန်းရရှိအောင် စွမ်းဆောင်နိုင်ရေးသည် လွန်စွာအရေးပါကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

စားရေရိက္ခာဖူလုံရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် သီးနှံအလိုက် နှစ်စဉ်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး အဓိကကျသော သီးနှံအထွက်နှုန်းတိုးတက်ရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ယနေ့ထိ စပါးကေ (၁၇) သန်း၊ ပဲမျိုးစုံကေ (၁၀ ဒသမ ၅၇) သန်း၊ ဆီထွက်သီးနှံကေ(၈ ဒသမ ၂၄) သန်း၊ အစေ့ထုတ်ပြောင်းကေ (၁ ဒသမ ၆) သန်းနှင့် ဝါသီးနှံကေ (သုည ဒသမ ၅၂) သန်း စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်၍ သက်ဆိုင်ရာဌာနများနှင့် တောင်သူလယ်သမားကြီးများအား ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

လက်ရှိအချိန်တွင် စားသုံးဆီကို လိုအပ်သည်ထက်ပိုမိုစားသုံးနေကြသဖြင့် ပြည်သူအချို့မှာ ကျန်းမာရေးအရ ထိခိုက်မှုများရှိနေသလို တစ်ဖက်မှာလည်း ပြည်တွင်းလိုအပ်ချက်ကို ပြည်ပမှ မှာယူတင်သွင်းရမှုများ မြင့်တက်လျက်ရှိပါသည်။ စားသုံးဆီကို လိုသလောက်သာ သုံးစွဲခြင်းဖြင့် ကျန်းမာရေးကောင်းမွန်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်းဆီထွက်သီးနှံများမှ ထုတ်လုပ်သော စားသုံးဆီဖြင့် လုံလောက်စေရန် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျှော့ချစေနိုင်မည်ဖြစ်သောကြောင့် ဆီထွက်သီးနှံ တိုးမြှင့်ထုတ်လုပ်ရေးကို ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံစွာ ထုတ်လုပ်နိုင်ရန် ဆီထွက်သီးနှံများ ကေပြည့်စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၎င်းအပြင် ချည်နှင့် ချည်ထွက်ပစ္စည်းတင်သွင်းမှု

လျှော့ချနိုင်ရန်နှင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပြီး ပိုလျှံပါက ပြည်ပတင်ပို့နိုင်ရန်အတွက် ချည်မျှင်ရှည်ဝါသီးနှံ တစ်ဧကအထွက်နှုန်း တိုးတက်ရေး ဆောင်ရွက်ခြင်းနှင့် စိုက်ဧကတိုးချဲ့ပြီး (၅) နှစ်တာ ကာလအတွင်း မူလစိုက်ခဲ့ကြသည့် ဧက ၈ သိန်းပြည့်မီအောင် စီမံဆောင်ရွက်လျက်ရှိရာ ဝါတစ်ဧကအထွက်နှုန်း ပိဿာ (၇၀၀)ထွက်ရှိရေးနှင့် အရည်အသွေးကောင်း ဝါနှင့် ဝါဂွမ်းများရရှိရေးတို့ကို အဓိကရည်မှန်းဆောင်ရွက်လျက်ရှိရာ တောင်သူလယ်သမားကြီးများကလည်း ကြိုးစားဆောင်ရွက်ပေးကြစေလိုပါသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းသည် ကမ္ဘာ့ဈေးကွက်တွင် သေချာသည့် နှစ်ရှည်စိုက်ပျိုးရေးလုပ်ငန်း တစ်ခုဖြစ်သည့်အတွက် စိတ်ပါဝင်စားသူများ၊ အရင်းနှီးတတ်နိုင်သည့် တိုင်းရင်းသားများအနေဖြင့် ရင်းနှီးလုပ်ကိုင်နိုင်ရန် ဖိတ်ခေါ်ပါသည်။ နိုင်ငံတော်အနေဖြင့် ကနဦး ဧက ၁ သိန်းစိုက်ပျိုးရန် လျာထားပါသည်။ ဆက်လက်၍ ဧက ၃ သိန်း အထိနှင့် နောင်တွင် ဧက ၁ သန်းအထိ စိုက်ပျိုးနိုင်ရေး မျှော်မှန်းဆောင်ရွက်နေပါသည်။

သီးနှံအလိုက် မျိုးကောင်းမျိုးသန့်များ အပြည့်အဝသုံးစွဲစိုက်ပျိုးနိုင်ရေးအတွက် မိမိတို့နိုင်ငံအတွင်းတွင် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်မှစ၍ မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အတူ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအရေးပါသော မြေယာပြုပြင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ စက်ကိရိယာများ အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများ စွမ်းအားပြည့် အသုံးပြုနိုင်ရေးအတွက် စနစ်တကျလယ်ယာမြေများ ဖော်ထုတ်ခြင်း၊ တောင်သူများ လုပ်ငန်းခွင်အဆင့်တိုင်း စက်ကိရိယာအသုံးပြုနိုင်ရန် လယ်ယာသုံးစက်ကိရိယာ အမျိုးမျိုးကို ဖြန့်ဖြူးရောင်းချပေးခြင်း၊ အသုံးပြုနိုင်ရန် စီမံပေးခြင်းတို့ဖြင့် ခေတ်မီနည်းစနစ်များသုံးပြီး စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

မိမိတို့နိုင်ငံအတွင်း စွမ်းအင်ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ညှိနှိုင်းပြီး ယူရီးယားဓာတ်မြေဩဇာများကို တောင်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ၎င်းအပြင် သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ပေါင်းစပ်သုံးစွဲရေး ပညာပေးခြင်း၊ သဘာဝမြေဩဇာများ ဒေသအလိုက် ထုတ်လုပ်သုံးစွဲနိုင်ရေး နည်းပညာဖြန့်ဝေပေးခြင်း၊ သွင်းအားစုဈေးနှုန်းများ သက်သာစွာ ဝယ်ယူရရှိနိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းတို့အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

လက်ရှိအချိန်၌ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအရ စိုက်ပျိုးထားသောသီးနှံများ ရိတ်သိမ်းချိန်မတိုင်မီ ထိခိုက်ပျက်စီးမှုများရှိနေပြီး အဆိုပါဖြစ်စဉ်များကြောင့် စားရေရိက္ခာမလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း အားကောင်းရေးတို့ကို ကြိုတင်စဉ်းစားလုပ်ဆောင်ကြရန်လိုပါသည်။ နိုင်ငံတော်ကလည်း အရန်မျိုးစေ့များ စုဆောင်းထားရှိခြင်း၊ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်း၊ သီးနှံပျက်စီးဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထားပြီး အထူးအလေးထား အားပေးကူညီဆောင်ရွက်လျက်ရှိပါသည်။

တစ်ဖက်မှာလည်း ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ ရေကို အကျိုးရှိရှိ ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ရေလိုအပ်ချက်နည်းသော သက်တမ်းတိုသီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ဒေသအခြေအနေပေါ်မူတည်၍ ဒေသနှင့်ကိုက်ညီသော သီးနှံနှင့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးကြရမည်ဖြစ်ပါသည်။ ရေကို ချွေတာသုံးစွဲနိုင်သည့် ခေတ်မီရေသွင်းကိရိယာများ အသုံးပြုစိုက်ပျိုးခြင်း၊ ရေလိုအပ်မှုနည်းသည့်သီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်းစသည့် ပညာပေးလုပ်ငန်းများ၊ သရုပ်ပြပွဲများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် ရေရှားပါးမှုအခက်အခဲအားဖြေရှင်းနိုင်ရန် ရေလှောင်တမံပေါင်း (၂၄၆) ခု၊ ရေလွှဲဆည် (၁၄၄)ခု၊ ရေကန် (၇၂)ခု၊ ရေတံခါး (၁၉၉) ခု၊ ရေတင်

လုပ်ငန်း (၂၁၉) ခု၊ စုစုပေါင်း (၈၈၀) ခု ဆောင်ရွက်ပေးထားပြီး စိုက်ဧက (၃၁) သိန်းကျော်အား အကျိုးပြုလျက်ရှိပါသည်။ မြေအောက်ရေအရင်းအမြစ်များမှ စက်ရေတွင်း (၂၅၅၁၃) ခု တူးဖော်ခြင်း၊ ယာယီချောင်းပိတ်တမံများပြုလုပ်ပြီး ဆိုလာရေတင်စနစ်ဖြင့် ရေရရှိရေးဆောင်ရွက်ခြင်း၊ ပင်လယ်နှင့် ထိစပ်လျက်ရှိသောဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြစ်ရေကြီးမှုဖြစ်ပေါ်လေ့ရှိသောဒေသများတွင် ရေကြီးနစ်မြုပ်မှု၊ ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန် ရေငန်တားတာများတည်ဆောက်ခြင်း၊ ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ခြင်းတို့ဖြင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးနှင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရေကို ထိရောက်စွာ အသုံးပြုရေးနှင့် အလေအလွင့်မရှိစေရေးအတွက် သတိပြုဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

တောင်သူလယ်သမားကြီးများအနေဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာစေရေးအတွက် အထွက်နှုန်းတိုးရေး နည်းလမ်းများဖြင့် ဆောင်ရွက်သည့်အပြင် စိုက်ဧကတိုးတက်စေရန် သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းကိုပါ ဆောင်ရွက်ကြရပါမည်။ ထို့အတူ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် အော်ဂဲနစ်စိုက်ပျိုးရေးကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ခေတ်မီစိုက်ပျိုးနည်းပညာများ၊ ရာသီဥတု၊ ဈေးကွက်နှင့် လယ်ယာကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များကို **"တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်း"**၊ မြန်မာ့အသံရေဒီယိုမှ **"သုတပဒေသာ စိုက်ပျိုးနည်းပညာအစီအစဉ်"** ဖြင့် ထုတ်လွှင့်ပေးခြင်း၊ သတင်းစာများ၊ ဂျာနယ်များ၊ ပညာပေးစာစောင်များ၊ လယ်ယာစီးပွားသတင်းစာစောင်များ ထုတ်ဝေပေးခြင်း၊ မိုဘိုင်းဖုန်းများမှတစ်ဆင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ဖြန့်ဝေပေးခြင်း စသည်တို့ဖြင့် တောင်သူလယ်သမားများအားလုံး လေ့လာသိရှိနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်ငွေဖြင့် ယခင်နှစ်က ပဲတီစိမ်းနှင့် နှမ်းစပါးစီမံကိန်းကိုလည်းကောင်း၊ ယခုနှစ်တွင် မိုးစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံစီမံကိန်းကိုလည်းကောင်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်နယ် (၈) ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်း (၆) ခုကိုလည်းကောင်း၊ တိုင်းဒေသကြီး (၆) ခုကိုလည်းကောင်း အရင်းအနှီးများ မတည်ထောက်ပံ့ပေးပြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

မွေးမြူရေးနှင့်ပတ်သက်၍ နွားမျိုးကောင်းမျိုးသန့်များပြန့်ပွားစေရန် မေထုန်မဲ့သားစပ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မျိုးထိန်း၊ မျိုးပွားသုတေသနခြံများ တည်ထောင်ပြီး မျိုးဖြန့်ဖြူးပေးခြင်း၊ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပညာပေးခြင်း၊ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ရောဂါဖြစ်ပွားမှုများအား ထိန်းချုပ်ခြင်း၊ ကုသခြင်း၊ မွေးမြူရေးဇုန်များ ဖော်ဆောင်ရန်စီမံခြင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

နွားမွေးမြူရေးနှင့် ကျွဲမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ နို့ထွက်ပစ္စည်းများကို ပြည်တွင်း၌ ဖူလုံအောင် ထုတ်လုပ်သွားရန် လိုအပ်ပါသည်။ မွေးမြူရေးကဏ္ဍကို မြှင့်တင်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်နိုင်ရန် တိရစ္ဆာန်ဆေးကု သိပ္ပံသင်တန်းကျောင်းကို အင်းစိန်တွင် ၂၀၂၄ ခုနှစ်၊ မေလတွင် စတင်ဖွင့်လှစ်ရန် စီစဉ်ထားပါသည်။

အသားကဏ္ဍအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးမွေးမြူရေးမြစိမ်းရောင်စီမံကိန်းကိုလည်းကောင်း၊ အရင်းမပျောက်မတည်ထောက်ပံ့ငွေဖြင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

ကျေးလက်ဒေသ ငါးကဏ္ဍဖွံ့ဖြိုးရေး မြစိမ်းရောင်ကျေးရွာ (ငါးကဏ္ဍ) စီမံကိန်းအစီအစဉ်ဖြင့် အရင်းမပျောက်မတည်ရင်းနှီးငွေ ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိရာ ထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းခန့် ကို ပြည်တွင်းငါးရိက္ခာလိုအပ်ချက်အတွက် ဖြည့်ဆည်းလျက်ရှိပြီး ကျန် ၁၀

ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့နိုင်ခဲ့သဖြင့် နိုင်ငံခြားဝင်ငွေ ရရှိခဲ့ပါသည်။

ဒေသ၊ ရာသီဥတု၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီဖြစ်ထွန်းသည့် ငါးမျိုးများရရှိရေး၊ သဘာဝငါးမျိုး မသုဉ်းစေရေး၊ ငါးထွက်နှုန်း တိုးတက်စေရေး၊ မျိုးကောင်းမျိုးသန့် ငါးမျိုးများ ရေရှည်တည်တံ့စေရေးအတွက် ငါးသားပေါက်များကို စဉ်ဆက်မပြတ်ထုတ်လုပ်၍ မျိုးစိုက်ထည့်ခြင်းနှင့် ဖြန့်ဖြူးပေးခြင်း၊ ငါးမွေးကန်များ၏ ရေ၊ မြေ အရည်အသွေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေးနှင့် ရောဂါထိန်းချုပ်ရေး ဆောင်ရွက်ပေးခြင်း၊ ငါးသားပေါက်များ ကျန်းမာရေးစစ်ဆေး ထောက်ခံချက် ထုတ်ပေးခြင်းစသည်တို့ဖြင့် နိုင်ငံတော်က ကူညီပံ့ပိုးပေးခဲ့ပါသည်။ မွေးမြူသူများအနေဖြင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် မိမိတို့နိုင်ငံ၏ (၇၀) ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများတွင် အပါအဝင်ဖြစ်သော တောင်သူလယ်သမားများ၏ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများ တိုးတက်အောင်မြင်ပါက နိုင်ငံတစ်ဝန်းရှိ ပြည်သူများ စားဝတ်နေရေးနှင့် လူနေမှုဘဝတိုးတက်လာမည်ဖြစ်ပါသည်။ ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက အခြားသော ကမ္ဘာ့နိုင်ငံအသီးသီးသို့ တင်ပို့နိုင်ခြင်းကြောင့် ဝင်ငွေများ တိုးတက်ရရှိလာပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသူများ အားလုံးက ကောင်းမွန်သော အခြေခံစိတ်ဓာတ်ဖြင့် လုံ့လ၊ ဝီရိယ ပေါင်းစပ်၍ အဘက်ဘက်က အကျိုးရှိအောင် ဝိုင်းဝန်းလုပ်ဆောင်ပေးကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

■ ■ ■

# နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

( ၁၉ - ၃ - ၂၀၂၄ )

**ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား**

ယနေ့ ၂၀၂၄ ခုနှစ်၊ မတ်လ (၁၉)ရက်နေ့တွင် ကျရောက်သည့် နှစ် (၅၁)ပြည့် ရွှေရတုအထိမ်းအမှတ် မွန်ပြည်နယ်နေ့ မင်္ဂလာနေ့ထူးနေ့မြတ်အခါသမယ၌ မွန်ပြည်နယ်နှင့် ဒေသအသီးသီးတွင် ရောက်ရှိနေကြသော မွန်တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာသုခချမ်းသာကြ၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝလျက် ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မွန်တို့၌ာနေ ရာမညမြေဖြစ်သော မွန်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့သည်မှာ ၂၀၂၄ ခုနှစ်၊ မတ်လ(၁၉) ရက်နေ့တွင် နှစ် (၅၁) ပြည့်မြောက်ပြီဖြစ်ပါသဖြင့် ရွှေရတုအထိမ်းအမှတ်နှစ်အဖြစ် သမိုင်းဝင်မော်ကွန်းတင်ပြီး အောင်လံစိုက်ထူ ကမ္ပည်းရေးထိုးနိုင်ခဲ့ပြီဖြစ်ပါသည်။

မွန်ပြည်နယ်ဟု သတ်မှတ်ခေါ်ဝေါ်ခြင်းမပြုမီ ယခင်က မွန်ပြည်နယ်၏ နယ်မြေများဖြစ်သည့် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့ကို တနင်္သာရီတိုင်း အမှတ် (၁) အဖြစ်လည်းကောင်း၊ ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်တို့ကို တနင်္သာရီတိုင်း အမှတ် (၂) အဖြစ်လည်းကောင်း သတ်မှတ်ဖွဲ့စည်းခဲ့ကြပါသည်။ လွတ်လပ်ရေးရရှိပြီး ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တနင်္သာရီတိုင်း အမှတ်(၁) အား မွန်ပြည်နယ်အဖြစ် ကမ္ပည်းတင်ရေးထိုးခဲ့သည့် မတ်လ (၁၉)ရက်နေ့ကို မွန်ပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် နှစ်စဉ်ဂုဏ်ပြုကျင်းပပြုလုပ်ခဲ့သည်မှာ ရွှေရတုကာလတိုင် နှစ် (၅၁) ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

မွန်တိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းသို့ အစောဆုံးဝင်ရောက်နေထိုင်သော လူမျိုးများဖြစ်ပြီး ဂေါတမမြတ်စွာဘုရားရှင်ပွင့်တော်မမူမီကာလကတည်းက သထုံဒေသဝန်းကျင်တွင် သုဓမ္မဝတီနိုင်ငံအဖြစ်တည်ရှိခဲ့ကာ ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုသုခုမပညာများပြန့်ပွားခဲ့ပြီး ယနေ့အထိ ထိန်းသိမ်းလျက်ရှိသည့် သမိုင်းကောင်းများမှာ ပြည်နယ်အတွက် ဂုဏ်ယူဖွယ်ရာများဖြစ်ပါသည်။

မွန်ပြည်နယ်သည် ထင်ရှားကျော်ကြားသည့် သာသနာပြု မင်းကောင်းမင်းမြတ်များ၊ ရဟန်းပညာရှိများ၊ လူပညာရှိများ၊ ကျမ်းဂန်တတ်စာပေပညာရှင်များ၊ သူရသတ္တိထက်မြက်သည့် သူရဲကောင်းများ ထွန်းကားခဲ့သော သမိုင်းအစဉ်အလာရှိခဲ့သည့် ပြည်နယ်ဖြစ်သည့်အပြင် မွန်လူမျိုးတို့၏ ဘာသာစာပေ၊ ယဉ်ကျေးမှု အနုပညာများ အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည့် အစဉ်အလာကောင်းသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

မွန်ပြည်နယ်သည် ပထဝီအနေအထားအရ နိုင်ငံ၏ တောင်ဘက်၊ တနင်္သာရီကမ်းမြောင်ဒေသ၏ မြောက်ပိုင်းတွင်တည်ရှိပြီး အရပ်လေးမျက်နှာတွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဘင်္ဂလားပင်လယ်အော်၊ မုတ္တမကွေ့နှင့် ထိုင်းနိုင်ငံတို့ဖြင့် ဆက်စပ်လျက်ရှိပြီး ရေလမ်း၊ ကုန်းလမ်းဆုံရာ အချက်အချာနေရာတွင် တည်ရှိသော ပြည်နယ်တစ်ခုပင်ဖြစ်ပါသည်။

မွန်ပြည်နယ်သည် ရာသီဥတုကောင်းမွန်မျှတပြီး တောတောင်မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ၊ သမိုင်းယဉ်ကျေးမှု အမွေအနှစ်များရှိသည့်အပြင် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် ထိစပ်လျက်ရှိသည့်အတွက် မြေသယံဇာတများ၊ ရေသယံဇာတများ၊ စက်မှုကုန်ကြမ်းထွက်ကုန်များကြွယ်ဝပြီး ဂုဏ်ယူဖွယ်ရာ သာယာလှပသည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

မွန်ပြည်နယ်အတွင်း အံ့ချီးဖွယ်ရာ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး အပါအဝင် ရှေးဟောင်းတန်ခိုးကြီးဘုရားများစွာတည်ရှိပြီး သာသနာပြုပုဂ္ဂိုလ်များနှင့် ရှင်အရဟံမထေရ်မြတ်ကြီးတို့က စစ်မှန်သောဗုဒ္ဓသာသနာတော်တည်တံ့ပြန့်ပွားထွန်းကားရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသဖြင့် သုဝဏ္ဏဘူမိဒေသသည် ဗုဒ္ဓဘာသာ စတင်ထွန်းကားပြန့်ပွားရာဒေသဖြစ်ခဲ့သည်ကိုလည်း သမိုင်းမှတ်တမ်းများအရ အထင်အရှားသိမြင်နိုင်မည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကို မောင်နှမများခင်ဗျား**

ယခုအခါ မိမိတို့နိုင်ငံသည် ပြည်သူများ၏ လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများ ထွန်းကားရာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံအဖြစ်သို့ စတင်လျှောက်လှမ်းနေချိန် ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကို လေးစားလိုက်နာခြင်းတို့သည် မရှိမဖြစ် လိုအပ်ပါသည်။ သို့သော်လည်း လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးအရ သဘောထား ကွဲလွဲမှုများ၊ အာဏာထူထောင်လိုမှုများ၊ သွေးခွဲသပ်လျှိုမှုများ၊ စည်းလုံးညီညွတ်မှုလျော့နည်းလာမှုများ၊ နိုင်ငံ့အကျိုးကို လျစ်လျူရှု၍ ကိုယ်ကျိုးစီးပွားရှာဖွေမှုများ၊ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်အားနည်းမှုများ၊ နိုင်ငံ့အရင်းအမြစ်များကို ပျက်စီးအောင် ဖျက်ဆီးနေမှုများကြောင့် နိုင်ငံနှင့် ပြည်သူများသည် တည်ငြိမ်အေးချမ်းမှုကင်းမဲ့ကာ ဆင်းရဲဒုက္ခများ ကြုံတွေ့နေကြရသည်ကို သတိထားရှုမြင်သုံးသပ်ဆင်ခြင်ကြရမည့်အချိန် ကျရောက်နေပြီဖြစ်ပါသည်။

နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားစုများအကြား စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည့်အစားကွဲပြားနေသောနိုင်ငံရေးအင်အားစုတို့၏ဂါတကောကောမှုများ၊ ဖွဲ့ထုတ်စည်းရုံးမှုများသည် နိုင်ငံအကျိုးနှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် မြော်မြင်မှုကင်းမဲ့စွာဖြင့် နိုင်ငံကို ထိခိုက်နစ်နာစေသည့် လုပ်ဆောင်မှုများသာဖြစ်ပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့တွင်လည်း ခေါင်းဆောင်လုပ်သူတို့က လူမျိုးစုအတွင်း ကျဉ်းမြောင်းသည့် လူမျိုးရေးမုန်းတီးမှုဝါဒကို ရိုက်သွင်း၍ အလွန်အကျွံလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြပြီး ခြံကြီးထဲတွင် ခြံငယ်ခတ်ရန်၊ လှေကြီးပေါ်တွင် လှေငယ်တင်ရန်၊ ပြည်ထောင်စုကြီးပြိုကွဲပျက်စီးစေရန် ပိုမိုအားထုတ်လျက်ရှိနေကြသည်ကို သတိတရားဖြင့် ကာကွယ်ထိန်းသိမ်းကြရန် လိုအပ်မည်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုများကြောင့်ဖြစ်ခဲ့ရသည့်နိုင်ငံရေးအပြောင်းအလဲအပြီးတွင် အကြမ်းဖက်အဖွဲ့အစည်းအဖြစ်ကြေညာထားသော NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့နှင့် အခြားဒေသအလိုက် ကာကွယ်ရေး အဖွဲ့အမည်ခံ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အုပ်စုအမျိုးမျိုးတို့ ပေါ်ပေါက်လာခဲ့ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် အချုပ်အခြာအာဏာကို ထိခိုက်ပျက်စီးစေရန်ရည်ရွယ်ပြီး အကြမ်းဖက်မှုမျိုးစုံကို ကျူးလွန်လျက်ရှိနေပါသည်။

ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြရန် မဖြစ်မနေ လိုအပ်သည့်အချိန် ဖြစ်ပါသည်။

တစ်ဖက်တွင်လည်း နိုင်ငံရေးမပြေလည်မှုများကြောင့် လက်နက်ကိုင်လမ်းကြောင်းသို့ ရောက်ရှိနေသည့် အဖွဲ့အစည်းများအနေဖြင့် အစဉ်သဖြင့် ဖွင့်လှစ်ပေးထားသည့် တွေ့ဆုံဆွေးနွေးရေးများဖြင့် (NCA) လမ်းကြောင်းမှတစ်ဆင့် နိုင်ငံတော်ထာဝရတည်ငြိမ်အေးချမ်းရေးအတွက် အဖြေရှာကြရန် လိုအပ်မည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသောဒို့တာဝန်အရေး (၃) ပါးကို ဦးထိပ်ထားလျက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထု၏ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေး အခြေခံကျသည့်အုတ်မြစ်မှာ တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသောအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဖြစ်ပါသည်။ ထိုကဲ့သို့ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းမှုရှိရေးဖြစ်သဖြင့် နိုင်ငံသားအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြဖို့ လိုအပ်ပါကြောင်း တိုက်တွန်းမှာကြားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူသားတိုင်း အသက်ရှင်ရပ်တည်နိုင်ရေးအတွက် စားဝတ်နေရေးမှာ အခြေခံလိုအပ်ချက်များဖြစ်သဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေး ရည်မှန်းချက် (၂)ရပ်အဖြစ် ချမှတ်ထားရှိပြီး စိုက်ပျိုးရေးတွင် ကာလဒေသနှင့်ကိုက်ညီသော ထုတ်ကုန်များ ထွက်ရှိလာစေရေး နိုင်ငံသားတိုင်း အကျိုးရှိစေမည့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အရှိန်တိုးမြှင့်ဆောင်ရွက်စေရေးတို့အတွက် ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်း (MSME)များကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့ကို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ပေးခြင်းသည် နိုင်ငံလူဦးရေအများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ ဘဝများ တိုးတက်လာစေရန်ဖြစ်သကဲ့သို့ နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်း မြင့်မားလာစေရန်လည်းဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမှ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်သွားကြရန်ကိုလည်း တိုက်တွန်းလိုပါသည်။

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက KG+9 အထိ မသင်မနေရသတ်မှတ်ပြီး ဘက်စုံပညာရေးစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်အတွင်း အခြေခံပညာတတ်မြောက်မှုနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခု ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

ပြည်သူလူထုအသိမှား၊ အမြင်မှား၊ အလုပ်အကိုင်မှားအောင် ကောလာဟလများကိုဖြန့်ချိ၍ အဆိုးမြင်စိတ်ခံစားမှုကို အဆုံးထိ မြှင့်တင်ပေးပြီး ပြည်သူကို စတေးကာ နိုင်ငံရေးအမြတ်ထုတ်မှုများကိုလည်း အသိဉာဏ်ဆင်ခြင်တုံတရားဖြင့် သတိထားကြရမည်ဖြစ်ပါသည်။ တော်လှန်ရေးဟူ၍ အမည်တပ်ကာ မိမိတို့အား ထောက်ခံသူများနှင့် မသိနားမလည်သူများ၏ ဘဝများကို ရင်းနှီးစတေး၍ အာဏာကိုအချောင်ရယူရန် ကြိုးပမ်းအမြတ်ထုတ်နေကြသူများ၊ ခေါင်းစဉ်အမျိုးမျိုးတပ်၍ လိမ်လည်လှည့်ဖြားကာ ကိုယ်ကျိုးရှာသူများကိုလည်း ဝိုင်းဝန်းဖော်ထုတ်နိုင်ရေးဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် မွန်ပြည်နယ်မှ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအပါအဝင် နိုင်ငံနှင့်လူမျိုးကို အမှန်တကယ်ချစ်မြတ်နိုးကြသည့် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ ကျရာကဏ္ဍအလိုက်ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားကြရန် အလေးအနက်ထား ဆန္ဒပြုလျက် နှစ် (၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့သို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-16-1

9 789998 656161 >